ကတညုတာ ဇောတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၉၁)၊ အမှတ်(၃၂၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၄ခုနှစ် ဩဂုတ် ၂၄ ရက်၌ ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းနိုင်ငံသမ္မတ မစ္စတာလီယိုနစ်ဒ်၊ဒီ၊ကူရှ်မာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူကရိန်းနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၄ခုနှစ် ဩဂုတ်၂၄ရက်၌ ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ယူကရိန်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဗစ်တာ၊ယာနုကိုဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ခေါင်းကြီး၊သတင်း၊ဆောင်းပါးအညွှန်း

■ စေတနာရှင်ပြည်သူများနှင့် နိုင်ငံသူနိုင်ငံသားအားလုံးက အမျိုးသားရေးအသိဖြင့် ပညာရေးကဏ္ဍပိုမိုမြင့်မားတိုးတက်အောင် ဝိုင်းဝန်းကူညီ။

ပညာရည်မြင့်မားရေး တက်ညီလက်ညီကြိုးပမ်း ခေါင်းကြီး(စာ-၂)

■ ဒီအကြောင်းတရား (၇)ရပ်နဲ့အညီ အကျိုးတရားအဖြစ် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ ဒီအပေါ် မျက်ဝါးထင်ထင်တွေ့မြင်နေရပါလျက် ဒီမိုကရေစီလိုလားပါတယ်ဆိုတဲ့ အဖွဲ့အစည်းအချို့က ဘာကြောင့် မစေ့စပ်ရေးလမ်းကို ရွေးနေပါသလဲ။ ဒီမိုကရေစီလိုလားသူတိုင်း စည်းလုံးညီညွတ်စွာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားရမယ့်အချိန်ဖြစ်ပါတယ်။ ဆင်ကောင်ကြီးတွေ့နေမှ ဆင်ခြေရာဘယ်မှာလဲဆိုသလို မဖြစ်ဖို့လိုပါတယ်။

အောင်မိုးစံ၏ **"နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း(၈)"** ဆောင်းပါး(စာ-၁၀)

■ အာရှတိုက်တွင် အမေရိကန်၏ပိုလ်ကျစိုးမိုးမှု တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများက လက်မခံ။

နိုင်ငံတကာသတင်း (စာ-၄)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၅ခုနှစ် မတ်လ ၂၇ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့ အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။ ***စာမျက်နှာ ၉ ကော်လံ ၅*** ●

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး ခေတ်မီအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲတွင် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အထက(၅)ကြည့်မြင်တိုင် အထောက်အကူပြုပစ္စည်းများလှူဒါန်းပွဲတက်ရောက် ကျောင်းသားကျောင်းသူများ ခေတ်မီသင်ထောက်ကူပစ္စည်းများသုံး၍ လေ့ကျင့်နေမှုကြည့်ရှု

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး ခေတ်မီအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

ပညာရည်မြင့်မားရေး တက်ညီလက်ညီ ကြိုးပမ်း အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးကဏ္ဍအဆင့်မြင့်တင်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပညာရေးမြှင့်တင်မှုအစီအစဉ်များကို နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၂၂ ရက်က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်၊ ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်း၊ အမှတ် (၃၈)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားများတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စားပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အမှာစကားပြောကြားရာတွင်-

"ယနေ့နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အမြဲတမ်းသင်ယူလေ့လာနေသည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်ဆောက်လျက်ရှိကြောင်း"

ပြောကြားသွားသည်။

ယနေ့အချိန်အခါတွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ စုပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအပြင် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများပါ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားစီမံပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက စေတနာရှင်အလှူရှင်များနှင့် လက်တွဲ၍ ပညာရေးကဏ္ဍအတွက် ခိုင်ခံ့သောအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ကျောင်းဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းခြင်းများ ဖန်တီးဖော်ဆောင်ပေးနေသည်ကို မြင်တွေ့နေရသည်။

ယင်းကဲ့သို့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နယ်မြေဒေသအသီးသီးတွင် အခြေခံပညာမူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့အပြင် အဆင့်မြင့်ပညာများ သင်ယူနိုင်သည့် တက္ကသိုလ်များ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ လွယ်ကူချောမွေ့မှုရှိစေရန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးအတွက် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲဆောင်ရွက်မှုကြောင့် စတုတ္ထမြောက်နှစ်ဖြစ်သည့် ယခုနှစ်တွင် ကျောင်းနေနှုန်း ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို အားရဖွယ် ကြားသိရသည်။

ထိုကဲ့သို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးအတွက် စေတနာရှင်ပြည်သူများ၏ ပါဝင်ကူညီမှုမှာ ယခုအခါ ငွေကျပ်သန်း ၈၀၀ ကျော် ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု ရာခိုင်နှုန်းသည် ၉၃ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် အာရှတွင် ထိပ်တန်းက ပါဝင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်နေချိန်တွင် စေတနာရှင်ပြည်သူများနှင့် နိုင်ငံသူနိုင်ငံသားအားလုံးက အမျိုးသားရေးအသိဖြင့် ပညာရေးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၄-၈-၂၀၀၄

(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် International Trade & Financial Institutions. (စီးပွားရေး)
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း-၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့်ရန်နိုင်ဓား"** (အပိုင်း-၂)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတ သက်တော်(၈၅)နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတကျားကျောင်း ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိတ၏(၈၅) နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ ပူဇော်ပွဲကို ဩဂုတ်၂၀ရက်ကဆရာတော်ကြီး သီတင်းသုံးရာကျောင်းတိုက်အတွင်းရှိ အော်ဘွန်ဟော၊ အော်ဘွန်ပါဓမ္မဗိမာန်အဆောက်အအုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးစိန်ဌေး၊ ပါမောက္ခ၊ ကထိက၊ ဆရာ ဆရာမများ၊ တပည့် ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တွဲဖက်ပါမောက္ခဦးတင်ဝက အခမ်းအနား အစီအစဉ်ကို ဖတ်ကြားလျှောက်ထား၍ ပရိသတ်များက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဇေယျမင်္ဂလာဆရာတော် ဘဒ္ဒန္တတိလောကထံမှရေစက်ချအနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်းသိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် တောင်အာဖရိက သမ္မတနိုင်ငံ ဒါဘင်မြို့၌ ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၄)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဒုတိယအကြိမ် အာရှ-အာဖရိကဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများညီလာခံသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့နံနက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ်၁၁ရက်က မြောက်ဥက္ကလာပမြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် အမက(၂)ကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သော ပညာ့မဏ္ဍိုင် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ပြန်/ဆက်ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲ အခမ်းအနားတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးလှဟန်၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)

တက်ရောက်အားပေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (MMCWA) နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် ICPD +10 အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲဆွေးနွေးမှုအစီအစဉ်များကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးစဉ်နှင့် နံနက်ပိုင်းသဘာပတိ ဒေါက်တာဒေါ်ခင်သန်းဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာ့စိတ်ဓာတ်

❋ အိမ်နီးချင်းပေါ်၊ မလျော်အမူ
မပြုဘယ်ခါ၊ ဒို့မြန်မာ။

❋ ဒေသအတွင်း၊ ရောင်းရင်းရဲဘော်
လက်တွဲဖော်ကို၊ မလျော်အမူ
မပြုဘယ်ခါ၊ ဒို့မြန်မာ။

❋ နိုင်ငံတကာ၊ ဆက်ဆံရာလည်း
သူ့တာကိုယ့်စည်း၊ စောင့်စည်းမပြတ်
သတိချပ်လျက်၊ မအပ်မရာ
ဝင်မပါသို့၊ ကိုယ့်တာအတွင်း
သူချင်းနင်းလျှင်၊ တင်းတင်းကျပ်ကျပ်
မပြတ်ဆီးကာ၊ ဒို့မြန်မာ။

❋ မလျော်အမူ၊ ကိုယ်မပြုသို့
သူပြုမခံ၊ ပုံမှန်စိတ်ထား
အမြဲထားလည်း၊ သူ့အားကျိုးပြု
ကိုယ့်ကျိုးပြုသည့်၊ အမူကိစ္စ
အဝဝတွင်၊ လုံးဝမရှောင်
ထူထောင်လက်တွဲ၊ မေတ္တာကဲလျက်
အမြဲပါဝင်၊ တွေးမြော်မြင်ပြီး
အစဉ်လုပ်တာ၊ ဒို့မြန်မာ။ ။

ပိုးဝ

✡ *ကျောဖုံးမှ*

ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ UNFPA ဌာနေကိုယ်စားလှယ် Mr. Najib . Assifi၊ UNICEF ဌာနေကိုယ်စားလှယ် Ms. Carroll C. Long၊ WHO ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများမှ လူငယ်လူရွယ်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ လူငယ်လူရွယ် ကိုယ်စားလှယ် ၅၂ဦးတို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib . Assifi က အမှာစကားပြောကြားသည်။

ထို့နောက် လူငယ်လူရွယ် ကိုယ်စားလှယ်များက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တို့အား အထိမ်းအမှတ် လက်ဆောင်များကိုပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသော လူငယ်လူရွယ် ကျန်းမာရေးပညာပေးပစ္စည်းများနှင့် လှုပ်ရှားမှု ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လူငယ်တွေ့ဆုံပွဲ ဆွေးနွေးမှုအစီအစဉ်များကို ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူငယ်လူရွယ် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ လူငယ်တွေ့ဆုံပွဲဆွေးနွေးမှု အစီအစဉ်များကို ဩဂုတ် ၂၄ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN-COCI) နှင့် ဩစတြေးလျနိုင်ငံ Aus-Heritageတို့ ပူးပေါင်းစီစဉ် ကျင်းပသော ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။

✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။

✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။

✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

❐ *ကျောဖုံးမှ*

သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ တာဝန်ရှိသူများ၊ ဩစတြေးလျနိုင်ငံ Aus-Heritage ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဆိုင်ရာ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် စာတမ်းရှင်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန္ဒာမွန်းက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဩစတြေးလျနိုင်ငံ Aus-Heritage ဥက္ကဋ္ဌ Mr. Vinod Daniel က ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်းရင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စာတမ်းဖတ်ပွဲသဘာပတိ အဖွဲ့ဝင်များနှင့် ပြည်တွင်း ပြည်ပ စာတမ်းရှင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာတမ်းဖတ်ကြား

အခမ်းအနားအပြီးတွင် ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲကိုကျင်းပရာ ပြည်တွင်းပြည်ပ စာတမ်းရှင်များက ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းအသီးသီးကို ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများ၏ မေးခွန်းများကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆာမာရာ၌လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၂

ဘဂ္ဂဒက်မြောက်ဘက် မိုင်၆၀အကွာရှိ ဆာမာရာမြို့အနီးတွင် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရကြောင်း အမေရိကန်အမှတ်(၁) ခြေမြန်တပ်မပြောရေးဆိုခွင့်ရှိသူက စနေနေ့၌ပြောကြားသည်။ တိုက်ခိုက်မှုမှာ အမေရိကန်ကင်းလှည့်တပ်ဖွဲ့သောကြာနေ့ ညနေ ၅နာရီ၅၅မိနစ်၌ ကင်းလှည့်စဉ် ဖြစ်ပွားခဲ့ကြောင်း ဒဏ်ရာရသူ သုံးဦး၏ အခြေအနေမသိရကြောင်း ၎င်းက ပြောကြားသည်။

ထိုသို့တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့်နှစ်၌ အီရတ်ကို အမေရိကန်နှင့်အပေါင်းပါများ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ချိန်မှစပြီး တိုက်ပွဲ၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၁၀ထိရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့အား တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ်၂၁ရက်ကတွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာနှင့် နာဂျက်ဖ်မြို့တို့အား ကန်စစ်လေယာဉ်များ ထပ်မံတိုက်ခိုက်

ဖော်လူဂျာ ဩဂုတ် ၂၂

အမေရိကန်စစ်လေယာဉ်များသည် ဖော်လူဂျာမြို့အား သောကြာနေ့က ဒုတိယနေ့ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်စစ်လေယာဉ်များသည် ထိုနေ့က စက်မှုဒေသကို ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ထိခိုက်သေဆုံးမှုသတင်း ချက်ချင်းမသိရဟုဆိုသည်။ အလားတူ စီးနင်းတိုက်ခိုက်မှုတစ်ခုညပိုင်းက ပြုလုပ်ခဲ့ရာ လူငါးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

တိုက်ခိုက်

ထို့ပြင် အမေရိကန်စစ်လေယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့ အစောပိုင်း၌ နာဂျက်ဖ်မြို့တွင် အသစ်တစ်ဖန် တိုက်ခိုက်ခဲ့ကြသည်ဟု ရိုက်တာက ယနေ့ သတင်းဖော်ပြသည်။

ဖြစ်ပွား

နှစ်ပတ်ကြာ ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်၌တိုက်ခိုက်နေမှု အဆုံးသတ်ရေးအတွက် စေ့စပ်ဆွေးနွေးသူများ ကြိုးပမ်းခိုက်တွင် နာဂျက်ဖ်မြို့၌ ငြိမ်သက်နေခဲ့ပြီးနောက် ယခုကဲ့သို့တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

နာဆီရီယာမြို့ရဲစခန်း ပေါက်ကွဲမှုဖြစ်ပွား

နာဆီရီယာ ဩဂုတ် ၂၁

အီရတ်တောင်ပိုင်းရှိ နာဆီရီယာမြို့တွင် ရဲစခန်းတစ်ခု၌ သောကြာနေ့က ပေါက်ကွဲမှုဖြစ်ပွား၍ ရဲအဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားသူများ ဒဏ်ရာရရှိကြောင်း ရဲအဖွဲ့ကပြောကြားသည်။ ဘာကြောင့် ပေါက်ကွဲသည်ကို အတိအကျမသိသော်လည်း ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ရှိသော ရဲအဖွဲ့ဝင်တစ်ဦးက ရဲစခန်းအား ဒုံးကျည်ထိမှန်ခြင်းဖြစ်ပုံရကြောင်း ပြောဆိုသည်။

အီရတ်နိုင်ငံတစ်လွှားရှိ ရဲစခန်းအများအပြားကိုခုခံတိုက်ခိုက်ရေးသမားများကတိုက်ခိုက်ရာတွင်တစ်ခါတစ်ရံ၌ အသေခံကားဗုံးများ ဖောက်ခွဲတိုက်ခိုက်သဖြင့် လူရာပေါင်းများစွာ သေဆုံးသည်။ **အမ်အင်အေ၊ရိုက်တာ**

ပြင်သစ် သတင်းစာဆရာနှစ်ဦး အီရတ်၌ပျောက်ဆုံး သတင်းတစ်စုံတစ်ရာမရရှိသေး

ပါရီ ဩဂုတ် ၂၂

ပြင်သစ်သတင်းစာဆရာနှစ်ဦးသည် အီရတ်နိုင်ငံ၌ ပျောက်ဆုံးနေရာ ကြာသပတေးနေ့၌ ၎င်းတို့ပျောက်ဆုံးခဲ့ချိန်မှစပြီး သတင်းတစ်စုံတစ်ရာ မရကြောင်း ပါရီရှိ နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့၌ ပြောကြားသည်။

လီဖီဂါရိုသတင်းစာမှ သတင်းစာဆရာ ဂျော့ချ်မော်လ်ဘရူနော့နှင့် ရေဒီယိုဖရန့်အင်တာနေရှင်နယ်မှ ခရစ္စတင်းရှက်စ်နော့တို့နှစ်ဦးသည် ၎င်းတို့ရောက်ရှိသောနေရာကို သတင်းမပို့သည်မှာ နှစ်ရက်ကျော်မျှရှိပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ရှာဖွေ

အီရတ်ရှိပြင်သစ်သံရုံးက ၎င်းတို့အား ရှာဖွေခဲ့သော်လည်း လောလောဆယ်၌ တစ်စုံတစ်ရာ ထူးခြားမှု မရှိသေးကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲများဖြစ်ပွားနေသော နာဂျက်ဖ်မြို့မှနေ၍ ၎င်းတို့နှစ်ဦးသတင်းပေးပို့ခြင်း ရှိမရှိမှာလည်း ရှင်းရှင်းလင်းလင်း မသိရဟု ဆိုသည်။

ပြောကြား

နာဂျက်ဖ်၌ ရှိသော အီတလီသတင်းစာ ဆရာတစ်ဦးပျောက်ဆုံးနေကြောင်းနှင့် သူ၏ယာဉ်မောင်းအသတ်ခံရကြောင်း သတင်းရရှိသည်ဟု အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကင်းလှည့်

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု ဖြစ်ပွားနေသည့် ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးအတွက်ကင်းလှည့်နေသော အီရတ် ပြောက်ကျား တစ်ဦးကို ဩဂုတ် ၂၂ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှတိုက်တွင် အမေရိကန်၏ ဗိုလ်ကျစိုးမိုးမှု တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများက လက်မခံ

ဝါရှင်တန် ဩဂုတ် ၂၂

အာရှတိုက်တွင် အမေရိကန်ပြည်ထောင်စု၏ ဗိုလ်ကျစိုးမိုးမှုကို တရုတ်နိုင်ငံက လက်ခံမည့်အလားအလာမရှိသည့်ပြင် အခြားအင်အားကြီး နိုင်ငံများနှင့် ပူးပေါင်းပြီး အမေရိကန်ပြည်ထောင်စု၏ တစ်ကမ္ဘာလုံးအပေါ် ဩဇာအရှိန်အဝါရှိအောင်လုပ်ခြင်းကိုလည်း တန်ပြန်ရင်ဆိုင်သွားဖွယ်ရှိကြောင်း လေ့လာချက်တစ်ရပ်စာတမ်းတွင် ဖော်ပြထားသည်။

ထိုသို့ဆိုသော်လည်း အင်အားဟန်ချက်ညီရေးကြိုးပမ်းမှုကို ဦးဆောင်ဦးရွက်ပြုရာတွင် နိုင်ငံကြီးတစ်နိုင်ငံ ပါဝင်ခဲ့မည်ဆိုလျှင် တရုတ်နိုင်ငံသည် အင်အားဟန်ချက်ညီအောင် ပို၍လုပ်လာဖွယ်ရှိသည်ဟု အမျိုးသားထောက်လှမ်းရေးကောင်စီက နိုဝင်ဘာလ၌ ကျင်းပခဲ့သည့် နီးနှောဖလှယ်ပွဲမှ ထွက်ပေါ်လာသော ဆွေးနွေးမှုစာတမ်း၌ ရေးသားထားသည်။ အဆိုပါ စာတမ်းသည် နိုင်ငံကြီး တစ်နိုင်ငံကိုဖော်ပြခြင်းမရှိသော်လည်း ဒေသတွင်းရှိ အင်အားကြီးသော၊ အခြားကြီးမားသော နိုင်ငံများမှာ တရုတ်အပြင် ဂျပန်၊ အိန္ဒိယနှင့် ရုရှားတို့ ဖြစ်ကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ပီတီအိုင်

တရုတ်နိုင်ငံကုန်းမြင့်ဒေသရှိရေခဲမြစ်များ ကမ္ဘာ့ရာသီဥတုပူနွေးမှုကြောင့် အရည်ပျော်ကျ

လာဆာ ဩဂုတ် ၂၂

ကမ္ဘာ့ရာသီဥတုပူနွေးမှုကြောင့် တရုတ်နိုင်ငံ ကုန်းမြင့်ဒေသရှိရေခဲမြစ်များသည် လွန်ခဲ့သည့် နှစ်၄၀အတွင်း၌ ၇ရာခိုင်နှုန်းမျှ ပျော်ကျခဲ့ရာ မြစ်ဝါမြစ် အတွင်းရှိ ရေထုပမာဏနှင့်ညီမျှကြောင်း သိပ္ပံပညာရှင်တစ်ဦးက တနင်္ဂနွေနေ့၌ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

ရေခဲမြစ် စုစုပေါင်း၏ သုံးပုံနှစ်ပုံသည် ၁၉၅၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များ အတွင်း၌ စတင် ပျော်ကျခဲ့သည်ဟုကျင်ဟဲ/တိဗက်ကုန်းမြင့်ဒေသ သုတေသနပြုဌာနအကြီးအကဲ ယော်တန်တုန်က ပြောကြားသည်။ အာရှတိုက်တွင် ကုန်းမြင့်ဒေသ ရေခဲမြစ် ၄၆၂၉၈ရှိရာ ယင်းရေခဲမြစ်များသည် ဟိမဝန္တာကဲ့သို့ ကျင်ဟဲ-တိဗက် ကုန်းမြင့်ဒေသရှိ တောင်တန်းများတွင်တည်ရှိသည်။

အင်တာနက်၊ဆင်ဟွာ



လူ့အခွင့်အရေးအုပ်စုများအား ပိတ်ပင်သည့်ဥပဒေကြမ်း ဇင်ဘာဘွေအစိုးရ ထုတ်ပြန်ကြေညာ

ဟာရာရေး ဩဂုတ် ၂၂

ဇင်ဘာဘွေနိုင်ငံသည် နိုင်ငံခြားနှင့် နိုင်ငံခြားမှငွေကြေးထောက်ပံ့ထားသည့် လူ့အခွင့်အရေးအုပ်စုများအား တားမြစ်ပိတ်ပင်မည့် အဆိုပြုထားသော ဥပဒေကြမ်းတစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဟာရယ်လ်သတင်းစာက စနေနေ့၌ သတင်းဖော်ပြခဲ့သည်။

ယင်းဥပဒေကြမ်းကို ဥပဒေအဖြစ် အတည်မပြုမီ မကြာမီ၌ ကျင်းပမည့် ဇင်ဘာဘွေပါလီမန်တွင် အခြေအတင် ဆွေးနွေးမည်ဖြစ်သည်။

ပြဋ္ဌာန်းမည်

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီသည် အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများ (အင်ဂျီအို)အား ထိထိရောက်ရောက် စီမံကွပ်ကဲသွားနိုင်မည့် ဥပဒေကြမ်းတစ်ရပ်ကို မိမိအစိုးရက ပြဋ္ဌာန်းကျင့်သုံးသွားမည် ဖြစ်ကြောင်း လွန်ခဲ့သည့်လ၌ အရိပ်အမြွက် ထုတ်ဖော်ပြောဆိုခဲ့သည်။

ဖျက်သိမ်းနိုင်

အင်ဂျီအိုများသည် အစိုးရခန့် အဖွဲ့ဝင်ကိုးဦးနှင့် အင်ဂျီအိုအဖွဲ့များမှ ငါးဦးဖြင့်ဖွဲ့စည်းမည့် ကောင်စီတွင် မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်း ဟာရယ်လ်သတင်းစာကရေးသား ဖော်ပြသည်။ အဆိုပါကောင်စီသည် အင်ဂျီအိုများ၏ လှုပ်ရှားမှုများကို စုံစမ်းစစ်ဆေးနိုင်မည့် အခွင့်အာဏာရှိမည် ဖြစ်သည့်ပြင် ယင်းတို့၏ မှတ်ပုံတင်လိုင်စင်များကိုလည်း ဖျက်သိမ်းနိုင်သည့် အခွင့်အာဏာရှိမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ၏ ပိုမိုဆိုးရွားလာသော အကျပ်အတည်းကိုဖြေရှင်းရန် အရေးပေါ်အစည်းအဝေးကျင်းပရေး အီရန်သမ္မတတိုက်တွန်း

တီဟီရန် ဩဂုတ် ၂၂

အီရတ်နိုင်ငံ၏ ပိုမိုဆိုးရွားလာသော အကျပ်အတည်းကို ဖြေရှင်းရန် အရေးပေါ်အစည်းအဝေးကျင်းပရေး အီရန်သမ္မတ မိုဟာမက်ခါတာမီက အစ္စလမ္မစ်ညီလာခံအဖွဲ့(အိုင်စီအို)အား သောကြာနေ့က တိုက်တွန်းလိုက်သည်။

အီရတ်ကြားဖြတ်အစိုးရသည် ဘေးကျပ်နံကျပ်ဖြစ်နေကြောင်းနှင့် နာဂျက်ဖ်မြို့အရေးအခင်းသည် ပိုနက်ရှိုင်းလာကြောင်း အိုင်စီအိုဥက္ကဋ္ဌ အဗ္ဗဒူလာအာမက်ဘာဒါဝီအား သမ္မတခါတာမီက ဖုန်းဖြင့်ပြောကြားသည်။

ထိုသို့ပြောဆိုရာ၌ နာဂျက်ဖ်မြို့၌ အရှိန်ပြင်းထန်လာနေသော တိုက်ခိုက်မှုအဆုံးသတ်စေရန်အတွက် အရေးပေါ်ဆောင်ရွက်ချက် လုပ်ဆောင်ရမည်ဖြစ်ကြောင်းလည်း ခါတာမီက ပြောကြားခဲ့သည်။

မြန်မာ့အလင်း



နိုင်ငံတကာ သတင်းများ

စောင့်ကြည့်ခဲ့

အီရန်နိုင်ငံသည် ယင်း၏ အနောက်အိမ်နီးချင်း အီရတ်နိုင်ငံ၏ အခြေအနေကို ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချခဲ့ချိန်မှစပြီး အမြဲစောင့်ကြည့်နေခဲ့သည်။

တိုက်တွန်း

အီရန်နိုင်ငံခြားရေးဝန်ကြီး ကမာလ်ခါရာဇီကလည်း ဗုဒ္ဓဟူးနေ့က အီရတ်တွင် လက်ရှိဖြစ်ပေါ်နေသော မငြိမ်သက်မှုကိစ္စကို ဆွေးနွေးရန်အတွက် အရေးပေါ်အစည်းအဝေးကျင်းပရန် အီရတ်၏အိမ်နီးချင်းများအား တိုက်တွန်းပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘေးလွှတ်ရာသို့ ထွက်ပြေး

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးလာသော အီရတ်အမျိုးသမီးကြီးနှစ်ဦးကို ဩဂုတ်၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် စစ်ယာဉ်တန်းအား ဘာကူဘာမြို့၌ ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၂၂

အမေရိကန်စစ်ယာဉ်တန်း ဘာကူဘာမြို့လယ်၌ ဖြတ်သန်းသွားချိန်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုမရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ ဘာကူဘာမြို့လယ်တွင် စနေနေ့က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦးအပါအဝင် အီရတ်နှစ်ဦးထက်မနည်း သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဒဏ်ရာရ

သေဆုံးသူများတွင် တစ်ဦးမှာ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ဖြစ်ပြီး ဒဏ်ရာရသူ ငါးဦးစလုံးမှာ အမှိုက်သိမ်းသူများဖြစ်ကြကြောင်း ၎င်းတို့က ပြောကြားသည်။

အခြားဖြစ်ရပ်တစ်ခုမှာ ရာမာဒီမြို့တွင် အီရတ်ရဲအရာရှိတစ်ဦး သေနတ်ပစ်ခတ်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

ပစ်သတ်

ရာဇဝတ်မှုနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး ဆက်ဒ်ဆာမီယာ အယ်လ်ဒူလေမီ၎င်းနေအိမ်မှအထွက်တွင် အမည်မသိသေနတ်သမားများက သေနတ်ဖြင့် ပစ်သတ်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘာကူဘာမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆောက်သ်ရေနံကုမ္ပဏီ တိုက်ခိုက်ခံရမှုနောက်ကွယ်တွင် ဆာဒါ၏တပ်ဖွဲ့ဝင်များ မပါဝင်ကြောင်းငြင်းဆို

ဘဂ္ဂဒက် ဩဂုတ် ၂၂

အဆိုပါ ဆောက်သ်ရေနံကုမ္ပဏီ ရုံးချုပ်ကို တိုက်ခိုက်မှု၏ နောက်ကွယ်တွင် အယ်လ်ဆာဒါ၏တပ်ဖွဲ့ဝင်များ ပါဝင်သည်ဆိုခြင်းကို ဘာဆာရာ၌ ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူက ငြင်းဆိုခဲ့သည်။

ဆက်လက်တင်ပို့

ဆောက်သ် ရေနံကုမ္ပဏီ တိုက်ခိုက်ခြင်းခံရပြီးနောက်ပိုင်းတွင် အီရတ်နိုင်ငံသည် သောကြာနေ့၌ တစ်နေ့လျှင် ရေနံစည်တစ်သန်း ဆက်လက်တင်ပို့ပေးခဲ့ရသည်ဟု နိုင်ငံပိုင်ရေနံကုမ္ပဏီအရာရှိတစ်ဦးက ပြောကြားသည်။

ထက်ဝက်လျော့ကျ

ဩဂုတ် ၉ရက်၌ တောင်ပိုင်းရှိ ပင်မရေနံပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံခဲ့ရပြီးနောက်ပိုင်း အီရတ်နိုင်ငံ၏ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ရေနံစည် တစ်သန်းထိ ထက်ဝက်လျော့ကျခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်၌ အီတလီသတင်းထောက်တစ်ဦးပျောက်ဆုံးနေ အီတလီအစိုးရနှင့် ထောက်ပံ့ကူညီရေးအရာရှိများ ပြောကြား

ရောမ ဩဂုတ် ၂၂

နာဂျက်ဖ်မြို့တွင် လုပ်ငန်းဆောင်ရွက်နေသော အီတလီအလွတ်သတင်းထောက်တစ်ဦး ပျောက်ဆုံးနေကြောင်းနှင့် သူ၏ယာဉ်မောင်းအသတ်ခံရသည်ဟု သတင်းရရှိကြောင်း အီတလီအစိုးရနှင့် ထောက်ပံ့ကူညီရေး အရာရှိများက စနေနေ့၌ ပြောကြားသည်။

သတင်းထောက် အင်ဇိုဘော်လ်ဒိုနီ၏သတင်းကို နာဂျက်ဖ်မြို့၌ ၎င်းရှိနေခဲ့သော ကြာသပတေးနေ့မှစပြီး မကြားရကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြထား

အီရတ် သတင်းရပ်ကွက်များ၏ ပြောပြချက်အရ ဘော်လ်ဒိုနီ၏ယာဉ်မောင်းသည် နာဂျက်ဖ်အနီး ချုံခိုတိုက်ခိုက်ခံရမှု၌ သေဆုံးခဲ့ကြောင်း သိရသည်ဟု အီတလီကြက်ခြေနီအဖွဲ့က စနေနေ့၌ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ဘော်လ်ဒိုနီ ဘာဖြစ်ခဲ့သည်ဆိုခြင်းကိုလည်းကောင်း၊ ချုံခိုတိုက်ခိုက်ခံရချိန်၌ ဘော်လ်ဒိုနီ ရှိမရှိကိုလည်းကောင်း မသိကြောင်း ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

စုံစမ်းနေ

မိမိတို့သည် အီရတ်၌ဖြစ်ပေါ်နေသော အခြေအနေကို လိုက်ပြီးလှုပ်ရှားဆောင်ရွက်နေကြောင်း၊ အီတလီသံရုံးကလည်း ဖြစ်နိုင်ချေရှိမှုမှန်သမျှကို စုံစမ်းထောက်လှမ်းနေကြောင်း၊ သို့ရာတွင် ယခုလောလောဆယ်အချိန်၌ ဘာမျှမပြောနိုင်သေးကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာဆက်ဆံရေးတွင် ကုလသမဂ္ဂကဏ္ဍ အရေးကြီးဟု တန်ကျားရှင် ပြောကြား

ပေကျင်း ဩဂုတ် ၂၂

နိုင်ငံတကာဆက်ဆံရေးတွင် ဒီမိုကရေစီကျင့်သုံးခြင်းကို ရှေ့သို့တွန်းအားပေးရန်အတွက် ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် အစားထိုးမရနိုင်အောင် အရေးကြီးကြောင်း တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ကျားရှင်က ပေကျင်းမြို့၌ တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

မစ္စတာတန်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (၅၉)ကြိမ်မြောက် အစည်းအဝေးဥက္ကဋ္ဌအဖြစ် ရွေးချယ်ထားသော ရောင်ပင်းနှင့် ပေကျင်း၌တွေ့ဆုံဆွေးနွေးစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ တန်က ပြောကြားရာ၌ အဖွဲ့အစည်းကဆောင်ရွက်သော အခန်းကဏ္ဍ တိုးတက်စေရန်နှင့် ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် စွမ်းအားရှိရန်အတွက် ပြုပြင်ပြောင်းလဲမှုကို လုပ်သင့်ကြောင်း ပြောကြားသည်။ ထိုပြုပြင်ပြောင်းလဲမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တရားဝင်အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားသင့်ကြောင်းလည်း မစ္စတာတန်က ပြောကြားသည်။ **အင်တာနက်၊ဆင်ဟွာ**

နာဂျက်ဖ်နှင့် ကူဖာမြို့များတွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

နာဂျက်ဖ်မြို့အနီး ဖြစ်ပွားသောတိုက်ပွဲ၌ အီရတ် ၄၀ ထက်မနည်းသေဆုံး

နာဂျက်ဖ် သြဂုတ် ၂၃

နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် တနင်္လာနေ့အစောပိုင်း၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် နာဂျက်ဖ်မြို့အနီးတွင် စနေနေ့က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှု၌ အီရတ် ၄၀ထက်မနည်း သေဆုံးခဲ့ကြောင်းလည်း ပြည်ထဲရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့၌ ပြောကြားသည်။

နာဂျက်ဖ်မြို့၌ အဆောက်အအုံတစ်ခု၏အတွင်းနှင့် ပတ်ပတ်လည်၌ အယ်လ်ဆာဒါ၏ ခုခံတိုက်ခိုက်ရေးသမားများက နေရာယူထားကြပြီး အမေရိကန်တပ်များက ထိုအဆောက်အအုံမှ မီတာ ၈၀၀အကွာ၌ နေရာယူခဲ့ကြသည်။

ပစ်ခတ်ခဲ့

အမေရိကန် အေစီ-၁၃၀ တိုက်ခိုက်ရေးရဟတ်ယာဉ်များက အဆိုပါ တနင်္လာနေ့အစောပိုင်း၌ မသင်္ကာဖွယ်နေရာများကို (၁၀)ကြိမ်ခန့် ပစ်ခတ်ခဲ့ကြသည်ဟု သိရသည်။

တိုက်ပွဲများဖြစ်ပွား

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါကိုသစ္စာခံသော ခုခံတိုက်ခိုက်ရေးသမားများသည် နာဂျက်ဖ်မြို့အနီးရှိ ကူဖာမြို့တွင်လည်း တိုက်ပွဲများဖြစ်ပွားကြသေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

လုံခြုံရေး စောင့်ကြပ်

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားများ လုံခြုံရေး စောင့်ကြပ်နေသည့်ကို သြဂုတ် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေနံမှောင်ခိုသင်္ဘောများနှင့်ကုန်သေတ္တာများ အီရတ်အကောက်ခွန်ဌာနက သိမ်းဆည်းထား

ဘဂ္ဂဒက် သြဂုတ် ၂၂

ရေနံမှောင်ခိုရောင်းဝယ်ရာတွင် အသုံးပြုသော ကုန်သေတ္တာအလုံး ၁၀၀နှင့် သင်္ဘောအစင်း ၂၀ကို သိမ်းဆည်းထားကြောင်း အီရတ်နိုင်ငံ၏ တောင်ပိုင်းနယ်စပ်များနှင့် အကောက်ခွန်ဌာနက ကြေညာသည်ဟု ဒေသထုတ်သတင်းစာတစ်စောင်က စနေနေ့၌ သတင်းဖော်ပြသည်။

ရေနံလီတာ ၃၆၀၀၀ထိ အသီးသီးထည့်ထားသော ယင်းကုန်သေတ္တာများနှင့် သင်္ဘောများသည် တောင်ပိုင်းနယ်စပ်များ၏အပြင်ဘက်နှင့် ပင်လယ်ကွေ့မှ တစ်ဆင့် မှောင်ခိုထုတ်ရန် အသင့်ဖြစ်နေကြောင်း သတင်းစာက ရေးသားသည်။

ရေနံပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံရမှုနှင့် မှောင်ခိုရောင်းဝယ်ခြင်းများကြောင့် ရေနံကဏ္ဍမှ ဒေါ်လာနှစ်ဘီလီယံခန့်အရှုံးရှိခဲ့ကြောင်း ရေနံဝန်ကြီးက သောကြာနေ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်မူဝါဒကို ထောက်ခံနေသော အီတလီနှင့်အခြားနိုင်ငံများအား တိုက်ခိုက်မည်ဟု ခုခံရေးအုပ်စုတစ်စုက ခြိမ်းခြောက်

ရောမ သြဂုတ် ၂၂

အီရတ်တွင် ကျင့်သုံးသော အမေရိကန်မူဝါဒများကို ထောက်ခံသည့်အတွက် အီတလီနှင့် အခြားဥရောပနိုင်ငံများအား တိုက်ခိုက်မည်ဖြစ်ကြောင်း ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုက ခြိမ်းခြောက်ထားသည်ဟု အီတလီလူထုဆက်သွယ်ရေးက စနေနေ့၌ သတင်းဖော်ပြသည်။

အဘူဟာ့ဖ်အယ်လ်မာဆရီဘရီဂိတ်ဟု ဆိုသောအဆိုပါအဖွဲ့က ဝက်ဘ်ဆိုက်မှ ထုတ်ပြန်သော ကြေညာချက်တွင် အီရတ်မှ ထွက်သွားရန် ပေးသော ရာဇသံကို အီတလီက လျစ်လျူရှုခဲ့ကြောင်း၊ အခြားဥရောပနိုင်ငံများက အပစ်အခတ် ရပ်စဲရေး ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ကြကြောင်း၊ မိမိတို့သည် အီတလီနှင့်ဥရောပတစ်လွှားရှိ ပစ်မှတ်များကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အီတလီတပ်ဖွဲ့ဝင်များကို နောက်ဆုံးသတိပေးချက်အား အီတလီနိုင်ငံက လျစ်လျူရှုခဲ့ပြီးသည့် နောက်ပိုင်းတွင် အီတလီနိုင်ငံနှင့် ဝန်ကြီးချုပ်ဆင်လ်ဗီယို ဘာလူစကိုနီတို့သည် အဆိုပါ ခုခံတိုက်ခိုက်ရေးအုပ်စု၏ အဓိက ပစ်မှတ်ဖြစ်လာခဲ့သည်။

မတ်၁၁ရက်၌ မက်ဒရစ်၌ တိုက်ခိုက်ခဲ့မှုအပြင် အီရတ်နှင့် တူရကီ၌ ဖြစ်ပွားခဲ့သော အခြားတိုက်ခိုက်မှုများသည် ၎င်း၏ လက်ချက်ဖြစ်ကြောင်း အဆိုပါအုပ်စုက ပြောကြားသည်။

အီတလီနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင် ၃၀၀၀ခန့်စေလွှတ်ထားရာ အမေရိကန်နှင့် ဗြိတိန်ပြီးလျှင် တတိယ အများဆုံးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း

တရုတ်နိုင်ငံတကာလေကြောင်းနှင့် အာကာသပြပွဲ နိုဝင်ဘာ ၁ရက်မှ ၇ရက်အထိကျင်းပရန် စီစဉ်ထား

ပေကျင်း သြဂုတ် ၂၃

ငါးကြိမ်မြောက် တရုတ် နိုင်ငံတကာဆိုင်ရာ လေကြောင်း ပျံသန်းရေးနှင့် အာကာသပြပွဲကို နိုဝင်ဘာ ၁ရက်မှ ၇ရက် ထိ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်ရှိ ဇူဟဲမြို့တွင် ကျင်းပရန် အစီအစဉ်ရှိကြောင်း ပြပွဲကျင်းပရေးကော်မတီက သောကြာနေ့တွင် ပေကျင်း၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အဆိုပါ ပြပွဲတွင် တရုတ်နိုင်ငံ၏ ပထမဆုံးလူလိုက်ပါသော ရှန်ကျိူ-၅ အာကာသယာဉ်ကို ပြသထားမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီက ပြောကြားသည်။

ယင်းလေကြောင်းပျံသန်းရေးနှင့် အာကာသပြပွဲတွင် ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်လေတပ်တို့က လေယာဉ်များကို ပျံသန်းပြကြမည်ဖြစ်သည်။

တရုတ်နိုင်ငံတကာဆိုင်ရာ လေကြောင်းပျံသန်းရေးနှင့် အာကာသပြပွဲကို ၁၉၉၆ခုနှစ်မှ စတင်ခဲ့ပြီး နိုင်ငံတကာဆိုင်ရာ ထုတ်ကုန်ပြပွဲများ၊ ကုန်သွယ်ရေးဆွေးနွေးပွဲအတွက် ဖိုရမ်နှင့် နည်းပညာဖလှယ်မှုအပြင် ပျံသန်းပြသမှုများအထိ ကျယ်ပြန့်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့တွင် အခြေအနေ ဆက်လက်တင်းမာနေဆဲ ကန်တို့ လူနေအိမ်များဖျက်ဆီးပြီး အီရတ်တို့အားသတ်ဖြတ်နေ

နာဂျက်ဖ် သြဂုတ် ၂၂

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အဆောက်အအုံတစ်ခုအား ယခုတိုင်ထိန်းချုပ်ထားဆဲဖြစ်ကြောင်း သက်သေပြရန် ဆာဒါအားထောက်ခံသည့် လူအုပ်ကြီးက စီတန်းလှည့်လည်ပြခဲ့ကြသည်။

ယင်းအဆောက်အအုံ၏ သော့များကို လွှဲပြောင်းပေးအပ်ခဲ့သော်လည်း အယ်လ်ဆာဒါကို လွှဲပြောင်းပေးမည် မဟုတ်ကြောင်းလည်း ဆာဒါအား ထောက်ခံသူများက ပြောကြားခဲ့ကြသည်။ အယ်လ်ဆာဒါက လက်နက်ချရန် ငြင်းဆန်နေဆဲဖြစ်ပြီး တင်းမာမှုများဆက်လက်ဖြစ်ပွား လျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့များသည် လူနေအိမ်များကို ဖျက်ဆီးပြီး အီရတ်တို့ကို သတ်ဖြတ်နေသည်ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

အုံကြွ

နာဂျက်ဖ်မြို့တွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်မှာ တတိယပတ်အတွင်း ဝင်ရောက်လာပြီဖြစ်ကာ အမေရိကန်နှင့် အီရတ်အာဏာပိုင်တို့က အယ်လ်ဆာဒါနှင့် အဖွဲ့အား နှိမ်နင်းလေလေ အခြားသော ခုခံတိုက်ခိုက်ရေးသမားများကပါ အုံကြွလာလေလေဖြစ်မည့် အနေအထားမျိုးအတွက် စိုးရိမ်နေရကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

ပျက်စီး

ဘာကူဘာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နေရာကို သြဂုတ် ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာကူဘာဒုတိယမြို့တော်ဝန် တိုက်ခိုက်ခံရ၍ဒဏ်ရာရ

ဘဂ္ဂဒက် သြဂုတ် ၂၂

အီရတ်နိုင်ငံ၌ ဘာကူဘာ ဒုတိယမြို့တော်ဝန်တစ်ဦးကို ပစ်မှတ်ထား တိုက်ခိုက်မှုတစ်ရပ် ယနေ့ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး၊ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၎င်းဒုတိယ မြို့တော်ဝန်ဖြစ်သူ ဗာဆင်အာကန်ဒရာမှာ ဒဏ်ရာရရှိသူများထဲတွင် ပါဝင်ခဲ့ပြီး ၎င်းမှာ လွန်ခဲ့သည့် သီတင်းနှစ်ပတ်ကတည်းက ကားဗုံးထောင်ပစ်မှတ်ထား တိုက်ခိုက်ခြင်းခံခဲ့ရသည်။ **(စီအင်န်အင်န်)**

ဗင်နီဇွဲလားလေတပ်လေယာဉ် ရာသီဥတုဆိုးရွားမှုကြောင့်ပျက်ကျ

ကာရာကာ့စ် သြဂုတ် ၂၂

ဗင်နီဇွဲလားနိုင်ငံ မြောက်ပိုင်းရှိ တောင်ကုန်းဒေသတွင်း ဗင်နီဇွဲလားလေတပ် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါရှိသူ ၂၅ ဦးစလုံး သေဆုံးသွားကြောင်း လေကြောင်းပျံသန်းရေး အရာရှိတစ်ဦးက တနင်္ဂနွေနေ့၌ ပြောကြားသည်။

ပျက်ကျ

ကယ်ဆယ်ရေး အလုပ်သမားများသည် အဆိုပါ လေယာဉ်ပျက်ကျရာ ကာရာဘိုဘိုပြည်နယ်ရှိ တောင်ခြေသို့ ရောက်ရှိသွားရာ အသက်ရှင်သူများကို မတွေ့ရကြောင်း ဗင်နီဇွဲလား ပြည်တွင်းလေကြောင်းရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာနပြောခွင့်ရှိသူက ပြောကြားသည်။

ဆိုးရွား

ယင်းလေယာဉ်သည် ရာသီဥတုဆိုးရွားမှုနှင့် ကြုံပြီးနောက် အဆက်အသွယ်ပြတ်သွားခဲ့သည်ဟု လေကြောင်းပျံသန်းရေး ထိန်းသိမ်းမှုအဖွဲ့က ပြောကြားသည်။

အင်တာနက်၊ဆင်ဟွာ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသယ်ယူပို့ဆောင်ရေးအဓိကအပိုင်းမှပါဝင် စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် စီးပွားရေးဆိုင်ရာဝန်ကြီးဌာနဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးအပိုင်း၌ အဓိကအပိုင်းမှ ပါဝင်လျက်ရှိကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် မပြီးစီးသေးသော စီမံကိန်းလုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင်ကြိုးပမ်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ရန်ကုန်မြို့တွင်း ခရီးသွားလာရာတွင် ကျပ်တည်းမှု အခက်အခဲမရှိစေရန် ရန်ကုန်မြို့ပတ်ရထား လမ်းပိုင်းတိုးချဲ့ပြေးဆွဲရန် စီစဉ်လျာထားချက်ရှိကြောင်း၊ ထို့အတူ ရန်ကုန်–မန္တလေးရထားလမ်းပိုင်းတွင် ရထားများ သွားလာခုတ်မောင်းမှု ပိုမိုအဆင်ပြေကောင်းမွန်စေရေးအတွက် ဒွေးလမ်းဖောက်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း မှာကြားသွားသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဒုတိယ ဝန်ကြီး ဦးဖေသန်းတို့က လုပ်ငန်းများရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်များကို သုံးသပ်လျက် အားသာချက်ရရှိရေးတို့ကို မှာကြားသွားကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

ဆုချီးမြှင့်

ထို့နောက် မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် အကောင်းဆုံးတိုင်း ပထမဆုရရှိသော တိုင်းအမှတ်(၃)၊ ဒုတိယရရှိသော တိုင်း အမှတ်(၂)နှင့် တတိယဆုရရှိသော တိုင်းအမှတ်(၄)တို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည်အကောင်းဆုံး စက်ရုံဆုရရှိသော လူစီးတွဲနှင့်ကုန်တွဲစက်ရုံ/ မြစ်ငယ်နှင့် သွားလာပို့ဆောင်ရေးဌာနမှ အကောင်းဆုံး စာတမ်းဆု ပထမ၊ ဒုတိယ၊ တတိယရရှိသော အရာထမ်းများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းသည် စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် မြို့ပြအင်ဂျင်နီယာဌာနတို့မှ အကောင်းဆုံးစာတမ်းဆု ပထမ၊ ဒုတိယ၊ တတိယရရှိသော အရာထမ်းများအားလည်းကောင်း အသီးသီးဆုများချီးမြှင့်ပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄–၈–၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၀ ၇။ အရေးပြိုင်ပွဲ
- ၈း၂၀ ၈။ မင်းလှရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Grammar made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use.
- ၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇း၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇း၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၁၇း၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈း၀၀ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဝူခုန်း”** (အပိုင်း–၁၈)
- ၁၈း၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉း၁၅ ၁၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၁၉း၃၀ ၁၄။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၂၀း၀၀ ၁၅။ ပြည်တွင်းသတင်းများ
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“တစ်ရံရောအခါ”** (အပိုင်း–၁၆)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နယ်စပ်ဒေသနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်ရေး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်မှာကြား

ရန်ကုန် ဩဂုတ် ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၈နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ စည်ပင်သာယာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာဝန်ကြီးက အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးအဖွဲ့များသည် မြို့များသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ ကျေးလက်လမ်းလုပ်ငန်းများ၊ ကျေးလက်ရေပေးရေးလုပ်ငန်း၊ ကျေးလက်အိမ်ရာတည်ဆောက်မှုလုပ်ငန်းများကို လျာထားချက်နှင့်အညီ အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ကြရန်၊ ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများကို စနစ်တကျမှတ်တမ်းတင်ထားပြီး ငွေကြေးသုံးစွဲမှုများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့် အညီဆောင်ရွက်ရန်နှင့် လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှု သင်တန်းကျောင်းများ၊ ဒီဂရီ ကောလိပ်များ၏ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာများကို လည်းကောင်းမှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ဥပဒေနှင့် အခွန်ရေးရာကိစ္စများ၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စများ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားသည်။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ်အတွဲ(၁)၊အမှတ်(၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၉)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ရှင်ပညာဇောတ၊ ညွှန့်ဟံ(ကြူတော)၊ အောင်စိုး(တိရစ္ဆာန် ဆေးကုဆရာဝန်)၊ လှထူး(မွေး/ကုမြိုင်)၊ မစည်သူ၊ မောင်ယင်းမာ (ရိုးပြတ်တော)၊ သက်သက်သင်း (ပညာရေး)၊ အဝ(ဖီးကုန်း)၊ သိပ္ပံမင်းလွင်၊ မောင်ပညာကျော်၊ ခွန်းချိုသာလှိုင် (သီလဝမြေ)၊ ကောင်းဆက်(ကြေး/မြေ)၊ ထွန်းထွန်း၊ အောင်ကျော်ဖြိုး၊ ဘိုဌေး(တနင်္သာရီ)၊ ခြိမ့်နိုင်၊ ခင်သစ္စာကျော်၊ H.K၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့၏ မှတ်ဖွယ်သုတ၊ ရသဆောင်းပါးများ၊ မြသီတာသန်းတင်၊ ဇာနည်တို့၏ ကဗျာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းဆေး၊ အင်္ဂလိပ်စကားပြော၊ ဗေဒင်၊ မိုးလေဝသ၊ ကုန်ဈေးနှုန်းသတင်းများ၊ သရုပ်ဖော် ပန်းချီကာတွန်းစသည်ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ ဝါမိုးအောင်စာပေ၊ သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က–ပ)**

မင်္ဂလာတောင်ညွန့် အမက(၁၁)၏ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၃ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနုက ဒုတိယတန်းမှ ဘာသာစုံပထမရရှိသူ မောင်ပြည့်ဖြိုးပိုင်အား ဂုဏ်ပြုဆုပေးအပ်စဉ်။ (၂၅၉)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁–၉–၂၀၀၄ မှ ၇–၉–၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား
ဗီတာမင်အေဆေးလုံးတိုက်ပါ။
အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



■ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ **"မြန်မာ့ကျောင်း"** သီချင်းကို သီဆိုပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ငွေကျပ်သိန်း ၆၀၊ မိဘဆရာအသင်းဥက္ကဋ္ဌက ငွေကျပ် ခြောက်သိန်း၊ ဦးအာဝါး(ခ) ဦးထွန်းဝင်း-ဒေါ်စန်းစန်းမော်(စံပြရွှေငါးကုမ္ပဏီလီမိတက်)က ငွေကျပ် သုံးသိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူအေးက ငွေကျပ် နှစ်သိန်း၊ Machroxကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်စံမြတ်က ငွေကျပ် ၁၂သိန်းတန်ဖိုးရှိမြန်မာ့ပန်းချီ °CD°°Romအချပ် ၂၀၀နှင့် ပျော်ရွှင်လေ့လာမြန်မာစာ CD°Rom°°အချပ် ၂၀၀ တို့ကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍ၏အောင်မြင်မှု တောင်ပေါ်မြေပြန့်မကျန် တစ်နိုင်ငံလုံးလွှမ်းခြုံ
သမားရိုးကျသင်ကြားမှုမှ ခေတ်မီမာလ်တီမီဒီယာအသုံးချပြီး ထူးချွန်သူဖြစ်ရေးကြိုးပမ်း

ထို့နောက် ကျောင်းသူ မဟေမာချမ်းမြေ့က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြပြီး အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပညာရည်မြင့်မားရေး ခေတ်မီစာသင်ခန်းများဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Language Lab Room, Computer Room, Computer Aided Instruction Room, Electronic Media Video Lab Roomနှင့် Study Roomစသည့် ခေတ်မီစာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခေတ်မီသင်ထောက်ကူပစ္စည်းများကို အသုံးပြု၍ ဆရာ ဆရာမများက သင်ကြားပို့ချနေမှုနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူလေ့ကျင့်နေမှုအခြေအနေများကို အားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဘက်စုံဖွံ့ဖြိုးရေးအထောက်အကူပြု အိမ်တွင်းမှု ပန်းချီခန်းကို ဝင်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ဂီတရသ အနုပညာစွမ်းရည်များဖြင့် ဖျော်ဖြေကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးလှမြိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ပညာရည်မြင့်မားရေးအတွက် မာလ်တီမီဒီယာ စာသင်ခန်းများ ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ အလှူရှင်များ၊ မိဘများ၏ ကူညီပံ့ပိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ ရွှေသာယာမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်စန်းက

ဆက်လက်၍ ဗဟိုစံပြငါးဈေးဥက္ကဋ္ဌက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးနှင်းစိန်-ဒေါ်မြငြိမ်း(အောင်သိန်းသစ်ဆိုင်)က ငွေကျပ် တစ်သိန်း၊ ဦးအောင်ကြည်စိန်(ရွှံအင်ဗာတာလျှပ်စစ်မိသားစု)က ငွေကျပ် တစ်သိန်း၊ ကြည့်မြင်တိုင်ညဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက ငွေကျပ်ငါးသောင်းတို့ကို ဝန်ကြီး ဦးသန်းအောင်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗားကရာ မာလကာ၊ သရက်ပွဲရုံ၊ သီရိမင်္ဂလာဈေးသာယာရေးအဖွဲ့နှင့် ဦးကျော်မြင့်(ပဒေသာဆန်ရောင်းဝယ်ရေး)တို့က ငွေကျပ် ငါးသောင်းစီတို့ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးငွေစိုး-ဒေါ်ဝါဝါကြွယ် မိသားစု၊ ကြည့်မြင်တိုင်ကမ်းနားဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဥက္ကဋ္ဌနှင့် ဗားကရာအုန်း၊ ငှက်ပျောပွဲရုံတို့က ငွေကျပ်ငါးသောင်းစီတို့ကို ဒုတိယဝန်ကြီး ဦးမျိုးညွန့်ထံ ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး ခေတ်မီအထောက်အကူပြု ပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝမ်းမြောက်စကားပြောကြား

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်မြင့်မားရေးအတွက် မာလ်တီမီဒီယာစာသင်ခန်းများ ပြည့်စုံစွာဖြစ်ပေါ်လာရေးအတွက် ဦးဆောင်မှုများပြုပေးသည့် မြန်မာနိုင်ငံ

ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသူများ၊ ပံ့ပိုးကူညီကြသူများအားလည်းကောင်း မိမိအနေဖြင့် ပညာရေးဝန်ကြီးဌာနကိုယ်စားနှင့် ဤကျောင်း၏ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကားကို ဦးစွာပြောကြားလိုပါကြောင်း။

နိုင်ငံတော်ခေါင်းဆောင်ပိုင်း၏ အားပေးမှုဖြင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင် မိဘပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းစောင့်ရှောက်အားထုတ်မှုများကြောင့် မာလ်တီမီဒီယာစာသင်ခန်းများကို တစ်နိုင်ငံလုံး၌ တိုးချဲ့ဖွင့်လှစ်ပေးနိုင်လျက်ရှိကြောင်း။

ထင်ဟပ်ဖော်ပြ

တစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်းကျောင်းအားလုံးနီးပါးတွင် မာလ်တီမီဒီယာစာသင်ခန်းများကို အောင်အောင်မြင်မြင် ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ဖွင့်ပြီးဖြစ်သည့် မာလ်တီမီဒီယာစာသင်ခန်းများကို လက်ရှိအနေအထားမှ အဆင့်မြင့်မားအောင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှု၊ ပညာရေးဝန်ကြီးဌာန၏ စေ့ဆော်ဆောင်ရွက်မှုတို့ဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တစ်မျိုးသားလုံးက ဝိုင်းဝန်းတည်ဆောက်နေသည့်သဘောကို အခြေခံ ပညာကျောင်းများရှိ ဤမာလ်တီမီဒီယာစာသင်ခန်းများက ထင်ဟပ်ဖော်ပြနေသည်ဟု ဆိုနိုင်ကြောင်း။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ပြီး မူလတန်းပညာသင်ယူနိုင်ရေးအတွက် လွန်ခဲ့သည့်လေးနှစ်ကစ၍ နယ်စပ်ဒေသများနှင့် ကျေးရွာငယ်များ၌ပါ မကျန်ရအောင် ဆောင်ရွက်ခဲ့ရာ ယခုနှစ် မေလတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်မှုမှာ ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းအထိ ရရှိလာခဲ့ကြောင်း။

တစ်နိုင်ငံလုံးလွှမ်းခြုံ

နိုင်ငံတော်အနေဖြင့် အခြေခံပညာမူလတန်းမှ တက္ကသိုလ်ပညာများအထိ ပညာသင်ယူမှုအခွင့်အလမ်း ဒေသအသီးသီးတွင် ဖြစ်ပေါ်လာအောင် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်က ငြိမ်းချမ်းမှုမရှိခဲ့သဖြင့် မည်သည့်အချိန်ကမှ စာသင်ကျောင်းမရှိခဲ့သည့်နယ်စပ်ဒေသများ၌ ယခုအခါ ကျောင်းသားကျောင်းသူ တစ်သိန်းတစ်သောင်းကျော် ပညာသင်ကြားနိုင်လျက်ရှိရာ ပညာရေးကဏ္ဍ၏ အောင်မြင်မှုများသည် တောင်ပေါ်မြေပြန့်မကျန် တစ်နိုင်ငံလုံး လွှမ်းခြုံဖြစ်ပေါ်လျက်ရှိကြောင်း။

အနာဂတ်ကို တည်ဆောက်မည့်သူများမှာ လူငယ်များဖြစ်ကြကြောင်း၊ ထို့ကြောင့် သမားရိုးကျစာသင်ကြားမှုမှ ခေတ်မီမာလ်တီမီဒီယာစာသင်ခန်း

များကို ထိထိရောက်ရောက်အသုံးချ၍ စာသင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများဖြစ်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ မိဘများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ကြည့်ရှု အားပေး

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှု အားပေးစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

စစ်ချီတေးပြိုင်ပွဲနှင့်ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲအနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂) နှစ်ဆင့်သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာ(၁၂)ရပ်တို့အပေါ်တွင် အခြေပြု၍ ဘောင်ဝင်အောင် ရေးစပ်သီကုံးကြရမည်။

စစ်ချီတေးအတွက် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးအတွက် အဆင့်(၁)နှင့်အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားမည်ဖြစ်ရာ အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့် တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ဘဲ စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်ချီသီချင်းစပ်ထုံးစပ်နည်းစနစ်များနှင့်အညီ ကိုက်ညီရမည်။

ပြိုင်ပွဲဝင် စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီစစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ် တေးသွားဖြစ်ရမည်။ မြန်မာ့တေးစပ်ထုံးစပ်နည်းများနှင့်အညီ အပိုဒ်၏ အဆုံးချ ကာရန်များတူညီရမည်။ အချိန် လေးမိနစ်မှ ခြောက်မိနစ်အတွင်းသာ ဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သောအဆိုနှင့်ပြည့်စုံသော တီးခတ်မှုများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် ကက်ဆက်တိပ်ခွေ (သို့မဟုတ်) REEL (သို့မဟုတ်) DAT ခွေတစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်း ယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလိုပေးနိုင်သည်။ ပြိုင်ပွဲဝင်တေးသီချင်းစာသားကို လက်နှိပ်စက်မိတ္တူ ၁၀ ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်ခွေ (သို့မဟုတ်) REEL (သို့မဟုတ်) DAT တိပ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်။

ပြိုင်ပွဲဝင် တေးရေးသူ၊တေးဆိုသူတို့၏ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ၂လက်မx၂လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။ ပဏာမရွေးချယ်ခံရသူများအား အကြောင်းကြားမည်။ ပဏာမရွေးချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေတိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင် တေးသီချင်းများကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး၊ တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးရေး ရည်မှန်းချက်ပြည့်မီရေး သစ်တောဝန်ထမ်းများကျရာအခန်းမှ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၃

သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ပိုင်းတွင် အင်းစိန်အနောက်ကြို့ကုန်းရှိ သစ်တောဦးစီးရုံးချုပ် တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ပြည်နယ်/တိုင်းတာဝန်ခံများ၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဝန်ကြီးက နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပြည့်မီအောင် သစ်တောဝန်ထမ်းများအနေဖြင့် ကျရာအခန်းမှ ကြိုးပမ်းဆောင်ရွက်ရေး၊ သစ်တောရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန် လေးရပ်ဖြစ်သော သစ်တောစိုက်ခင်းများ ရှင်သန်အောင်မြင်အောင် စိုက်ပျိုးတည်ထောင်ရေး၊ စိုက်ပျိုးပြီးသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေး၊ သစ်နှင့် သစ်တောထွက် ပစ္စည်းများ မှန်မှန်ကန်ကန်ထုတ်လုပ်ရေး၊ တရားမဝင်သစ်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုထိထိရောက်ရောက်နှင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို တစ်နည်းတစ်လမ်းဖြေရှင်းပေးနိုင်မည့် ဇီဝဒီဇယ်ဆီ (Bio-diesel) ထုတ်လုပ်ရရှိနိုင်သည့် ကြက်ဆူကြီးပင်(ခေါ်) သင်္ဘောကြက်ဆူပင် (Jatropha curcas) စိုက်ခင်းများကို ရှင်သန်အောင်မြင်အောင် စိုက်ပျိုးတည်ထောင်ရေး၊ မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဒေသအတွင်းရှိ ပုပ္ပားတောင်၊ ရွှေပုံတောင်နှင့် အခြားတောင်တန်းများ စိမ်းလန်းစိုပြည်ရေးအတွက် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရေးတို့ကို အသေးစိတ် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၅ ခုနှစ် ရုံးသုံးပြက္ခဒိန်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့က ၂၀၀၅ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ရုပ်ရှင်၊ဗီဒီယိုသရုပ်ဆောင် ပပဝင်းခင်၏ မြန်မာမှု သရုပ်ဖော်ပုံမျက်နှာဖုံးနှင့်အတူ ယနေ့စတင် ဖြန့်ချိလိုက်သည်။ ၂၀၀၅ ခုနှစ် ပြက္ခဒိန်ကို အစောင် ၅၀ နှင့်အထက် မှာကြားဝယ်ယူသူများထံ ကိုယ်စားလှယ်နှုန်း တစ်စောင်လျှင် ငွေကျပ် ၁၆၀ ဖြင့် စရိတ်ငြိမ်းပေးပို့မည်ဖြစ်သည်။ အမှာစာပေးပို့ထားသော မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များသို့ အမှာစာအရလည်းကောင်း၊ အမှာစာ နောက်ကျနေသော မြို့နယ်များသို့ ယမန်နှစ်ကပေးပို့ခဲ့သည့် အရေအတွက်အတိုင်းလည်းကောင်း စက်တင်ဘာ ၁ ရက်မှ စတင်၍ စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့မည်ဖြစ်သည်။

ဆက်သွယ်မှာကြားနိုင်

ဌာနဆိုင်ရာများ၊အသင်းအဖွဲ့များနှင့် ပြက္ခဒိန်အရောင်းကိုယ်စားလှယ်များအနေဖြင့် ဝယ်ယူလိုပါက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် ဖုန်း-၂၅၂၄၁၇၊ ၂၅၄၁၇၃ တို့သို့ ဆက်သွယ် မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး အခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂၂) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို)အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဗလာစာအုပ်ပေးအပ်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းက လက်ခံသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သင်တန်းအတွက် လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းထံ ပေးအပ်လှူဒါန်းပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနား တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (ဂ)

လောကတွင် အရာခပ်သိမ်းတို့ဟာ အကျိုး အကြောင်း ဆက်စပ်ဖြစ်ပေါ်နေပါတယ်။ အကျိုးဆက်တိုင်းမှာ အကြောင်းတရားရှိသလို အကြောင်းတရားတိုင်းမှာလဲ အကျိုးဆက်ရှိပါတယ်။ အဲဒီလို အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်နေမှုတွေကို၊ ဘယ်အကြောင်းတရားကိုလုပ်ရင်၊ ဘယ်လိုအကျိုးဆက် ဖြစ်ပေါ်လာမယ်၊ ဘယ်လိုအကျိုးဆက်ဟာ ဘယ်အကြောင်းတရားကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတဲ့ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်မှုတရားကိုသိရင် ဧကန်ဖြစ်မယ့်တရားကို သိတယ်။ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်မှုတရားကို မသိရင် အဝိဇ္ဇာအကန်းသဖွယ်သာ ဖြစ်တယ်လို့ ဆိုပါတယ်။

လူတွေဟာ သဘာဝသိပ္ပံ (Natural °Science) မှာရော လူမှုသိပ္ပံ (Social Science) မှာပါ ဧကန်ဖြစ်မယ့် တရားတွေကို ဆင်ခြင်သိမြင်ပြီး လူမှုအကျိုးတရားတွေကို တည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်လဲ လူ့အဖွဲ့အစည်းဟာ မရပ်မနားပြောင်းလဲတိုးတက်နေတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် သဘာဝသိပ္ပံတွင်အောက်ဆီဂျင်တစ်ဆနဲ့ဟိုက်ဒရိုဂျင်နှစ်ဆပေါင်းရင် ရေဖြစ်တယ်။ ရေကို အပူပေးရင် အငွေ့ပြန်တယ်။ ရေဟာ အပူချိန် ဘယ်လောက်မှာ ဆူတယ်။ သံဟာ အပူချိန်ဘယ်လောက်မှာ အရည်ပျော်တယ် စတဲ့ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်မှုတရားများပင် ဖြစ်ပါတယ်။

လူမှုသိပ္ပံတွင်လဲ ပုဂ္ဂလိကတွေရဲ့ စီးပွားရေးလွတ်လပ်မှုမရှိရင် ဈေးကွက်စီးပွားရေးမဖြစ်ပေါ်နိုင်၊ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတစ်ရပ်မှာသာ ဒီမိုကရေစီအမြစ်တွယ် ထွန်းကားနိုင်တယ်။ ခေတ်သစ်စနစ်သစ်တစ်ရပ်ပေါ်ထွန်းဖို့ရာ ဥပဒေပြဋ္ဌာန်းရုံနဲ့မရနိုင်၊ လုံလောက်တဲ့ လူမှုဘဝရင့်မာပြည့်စုံမှ ထူထောင်နိုင်မယ်စတဲ့ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်မှုတရားများ ဖြစ်ပါတယ်။ ဒီတရားတွေကို ပြောင်းပြန်လုပ်လို့ မရနိုင်သလို လူ့စိတ်အလိုဆန္ဒရှိတိုင်းလဲ မဖန်တီးနိုင်ပါ။ ဒါကြောင့် နိုင်ငံအကျိုး ဆောင်ရွက်ရာတွင် စေတနာကောင်းရုံတစ်ခုတည်းနဲ့ မလုံလောက်ပါ။ လောကတွင် ဖြစ်ပေါ်နေတဲ့ သဘာဝသိပ္ပံနဲ့ လူမှုသိပ္ပံတရားတွေကို ဆင်ခြင်သိမြင် ကျင့်သုံးနိုင်ဖို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ တပ်မတော် အစိုးရဟာလဲ မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကိုထူထောင်နေတာဖြစ်ပါတယ်။ တပ်မတော် အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်လာချိန်မှစပြီး နိုင်ငံရဲ့ စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုဘဝ မြင့်မားရေးကို ဦးစားပေး ထူထောင်လာခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ခေါ်ယူကျင်းပပြီး ညီလာခံကြီးရဲ့ အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာ ပြီးစီးသွားပြီ ဖြစ်ပါတယ်။

ဒီကနေ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ကူးပြောင်းနေတဲ့ မြန်မာနိုင်ငံတွင် အခြေခံလူမှုဘဝတွေ မြင့်မားတိုးတက်အောင် မကြိုးပမ်းဘဲ အပေါ်ထပ်နိုင်ငံရေးကိုသာ ဦးစားပေးပြောင်းလဲလိုတဲ့ အဖွဲ့အစည်းများနဲ့ အခြေခံလူမှုဘဝတွေ ပြောင်းလဲတိုးတက်မှုနဲ့အတူသာ အပေါ်ထပ်နိုင်ငံရေးပြောင်းလဲနိုင်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ခံယူကျင့်သုံးနေသော တပ်မတော်အစိုးရတို့ ကွဲလွဲဆန့်ကျင်လာခဲ့ပါတယ်။ အပေါ်ထပ်နိုင်ငံရေး၊ ဒီမိုကရေစီကို ဦးစားပေးပြောင်းလဲရေး အယူအဆဟာ အနောက်ဥရောပဒီမိုကရေစီကို ပုံတူကူးရေး လမ်းစဉ်သာဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်မှုမရှိတဲ့ လမ်းစဉ်လဲဖြစ်ပါတယ်။ ဥပမာအားဖြင့် ဒီကနေ့ မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်စွာ အခြေခံစီးပွားရေး၊ ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူနေမှုဘဝမြင့်မားရေးကို ဦးစားပေးပြောင်းလဲနေတဲ့ တရုတ်ပြည်ကြီးတည်ငြိမ်စွာ အံ့သြဖွယ် တိုးတက်နေမှုနဲ့ အနောက်ဥရောပဒီမိုကရေစီကို ပုံတူကူးပြောင်း

အောင်မိုးစံ

လာခဲ့တဲ့ အရှေ့ဥရောပနိုင်ငံအချို့ရဲ့ ဆင်းရဲကျပ်တည်းနေမှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် ဒီကနေ့ **မြန်မာနိုင်ငံ တပ်မတော်အစိုးရဟာလဲ မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေတာဖြစ်ပါတယ်။ တပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်လာချိန်မှစပြီး နိုင်ငံရဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုဘဝမြင့်မားရေးကို ဦးစားပေးထူထောင်လာခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ခေါ်ယူကျင်းပပြီး ညီလာခံကြီးရဲ့ အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာ ပြီးစီးသွားပြီဖြစ်ပါတယ်။** ဒါကြောင့် ဒီမူဝါဒလမ်းစဉ်(၇)ရပ်ဟာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် မလွဲဧကန် ဖြစ်ပေါ်လာရေးအတွက် အကြောင်းတရားဖြစ်တယ်ဆိုတာကို အခုလို ဓမ္မဓိဋ္ဌာန်ကျစွာ တွေ့နိုင်ပါတယ်။

ပထမအဆင့်။ ။၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

ဒုတိယအဆင့်။ ။အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

တတိယအဆင့်။ ။အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲခြင်း။

စတုတ္ထအဆင့်။ ။ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း။

ပဥ္စမအဆင့်။ ။ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။

ဆဋ္ဌမအဆင့်။ ။ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း။

သတ္တမအဆင့်။ ။လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်း

တို့ဖြစ်ပါတယ်။

ဒီအကြောင်းတရား (၇) ရပ်နဲ့အညီ အကျိုးတရားအဖြစ် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ ဒီအပေါ် မျက်ဝါးထင်ထင် တွေ့မြင်နေရပါလျက် ဒီမိုကရေစီ လိုလားပါတယ်ဆိုတဲ့ အဖွဲ့အစည်းအချို့က ဘာကြောင့် မစေ့စပ်ရေးလမ်းကို ရွေးနေပါသလဲ။ ဒီမိုကရေစီ လိုလားသူတိုင်း စည်းလုံးညီညွတ်စွာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားရမယ့်အချိန် ဖြစ်ပါတယ်။ ဆင်ကောင်ကြီးတွေ့နေမှ ဆင်ခြေရာ ဘယ်မှာလဲ ဆိုသလို မဖြစ်ဖို့ လိုပါတယ်။

မြတ်ဗုဒ္ဓရဲ့တရားဒေသနာစာပေတွေမှာ အရှိပကတိကို သိမြင်နိုင်သော ယထာဘူတအမြင်ကို ဖုံးကွယ်စေတဲ့ စေတသိက်တို့ကို အခုလို ဖတ်ရှုမှတ်သားခဲ့ရပါတယ်။

ဒိဋ္ဌိစေတသိက်။ ။မှားယွင်းစွာ ရှုမြင်တတ်သော သဘောကို ဆိုလိုသည်။ ဉာဏ်နှင့်ဆန့်ကျင်သော သဘောဖြစ်သည်။ ထို့ကြောင့် ဒိဋ္ဌိဖြင့် ရှုမြင်တတ်သူအား 'ဉာဏ်တစ်စောင်း' ဖြင့် ရှုတတ်သူဟူ၍လည်း သရုပ်ဖော်ခဲ့ကြပေသည်။ ဒိဋ္ဌိစေတသိက်တွင် သမ္မာဒိဋ္ဌိမှန်ကန်စွာရှုမြင်မှုဟူ၍ မဂ္ဂင်တရားအဖြစ်ရှိပေသေးသည်ဖြစ်ရာ လောဘအုပ်စုဝင် ဒိဋ္ဌိကိုကား မိစ္ဆာဒိဋ္ဌိအယူမှားမှုဟူ၍ နားလည်ရမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အယူတစ်ခုကို အမှန်ဟုစွဲမြဲစွာ ယုံကြည်နေခြင်းသည် များသောအားဖြင့် သုံးသပ်ခြင်းဟူသော ဒိဋ္ဌိ၏ သတ္တိ (ဝါ) ဒိဋ္ဌိ၏ လုပ်ဆောင်ချက်ပင် ဖြစ်လေသည်။ မှားယွင်းစွာ သုံးသပ်မိခြင်း၏ အကြောင်းရင်းကို ရှာသော်လောဘကို တွေ့နိုင်၏။ ကိုယ့်ကိုယ်ကို ခင်တွယ်မှုရှိ၍သာ အယူဝါဒတွေ အမျိုးမျိုး ဖြစ်ပေါ်ရ၏။ ငါ့အယူသာ မှန်သည်၊ သူတစ်ပါးအယူကား အလကားအယူတည်း။ ငါ့အလုပ်မှဟုတ်သည်၊ ငါသာ ပညာရှိ၊ ငါမှသိသည် အစရှိသဖြင့် အတ္တစွဲကြီးမားစွာ အမှားကိုပင် အမှန်ထင်၍ အသိအမြင် မှောက်မှားမှုသည် ဒိဋ္ဌိ၏ သဘောပင် ဖြစ်သည်။

ဒါကြောင့် It is never too late to mend ပြုပြင်ရန်မှာ ဘယ်တော့မှ နောက်မကျဘူးဆိုတဲ့ စကားအတိုင်း ဒီကနေ့လိုကာလမျိုးမှာ အမျိုးသားသင့်မြတ်စည်းလုံးရေးလမ်းမှန်ပေါ်ကို ရောက်မလာသေးတဲ့ အဖွဲ့အစည်းများ၊ အင်အားစုများအနေနဲ့ အစွဲအလမ်းဟောင်းတွေကို စွန့်လွှတ်ပြီး မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြဖို့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာဖို့ အကြောင်းတရား ဖြစ်တယ်။ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေတဲ့ သမိုင်းမော်ကွန်းဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဖွင့်လှစ်

ဩဂုတ် ၂၁ ရက်က ကျောက်တံတားမြို့နယ် အမှတ်(၆)ရပ်ကွက် သုတရိပ်သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ဂုဏ်ပြုဆုချီးမြှင့်

သန်လျင်မြို့ မြို့ဟောင်း အလက၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၁ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက သူငယ်တန်းမှစတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မခိုင်သဇင်စိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံပြုပြင်ရေး အတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်က ဖောင်တော်ဦး ဓမ္မာရုံ၌ ကျင်းပရာ အင်းစိန် မြို့သစ် က/ခ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးနိုင်အောင်-ဒေါ်ကျင်ပို့(အတွဲ-ပရ)မိသားစုက ငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းကြည်သို့ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၆)

ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အဆင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့နှင့် ရဲတပ်ရင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့များနှင့် လေ့ကျင့်ရေးကျောင်းများမှ တပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၃ ဦးတို့ ဝင်ရောက် ဖြေဆိုကြသည်။ ရဲကျင့်ဝတ် စာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်နှင့် ရဲအရာရှိကြီးများ လာရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဖွင့် နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အထူးပြုပို့ချသွားမည်

အဆိုပါသင်တန်းတွင် အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးများကျင်းပခြင်း၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်ဆက်ဆံရေး၊ နိုင်ငံတကာ စာပေးစာယူဆက်သွယ်မှု၊ နိုင်ငံတကာဥပဒေ၊ စေ့စပ်ညှိနှိုင်းခြင်း ပညာများကို အထူးပြုပို့ချသွားမည် ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ဖြစ်သည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကွန်ပျူတာသင်တန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ရက်က ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ငွေးဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက်ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်များကို ယနေ့ မွန်းလွဲ ၁နာရီခွဲမှစတင်၍ မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် ကမာရွတ်မြို့နယ်အသင်းနှင့် လှိုင်သာယာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကမာရွတ်မြို့နယ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်အဖြစ် တာမွေမြို့နယ်အသင်းနှင့် သုံးခွမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ သုံးခွမြို့နယ်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

(ကက)အုပ်တွင် နှစ်ပွဲကစားပြီးဖြစ်ရာ သုံးခွမြို့နယ်အသင်းက နှစ်ပွဲနိုင် (၆)မှတ်၊ ကမာရွတ်မြို့နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်၊ တာမွေမြို့နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်ရရှိထားကြသည်။

ဩဂုတ် ၂၄ရက် **(ယနေ့)**တွင် (ခခ)အုပ်စုပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ မွန်းလွဲ ၁နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အသင်း၊ ညနေ ၃နာရီတွင် ရွှေပြည်သာမြို့နယ်အသင်းနှင့် မရမ်းကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၃

တရားရုံးချုပ်က ကြီးမှူးဖွင့်လှစ်သော ဒုတိယမြို့နယ် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက်က လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ အဆောက်အအုံခန်းမ၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုးတက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဦးခင်မြင့်၊ ဒေါက်တာတင်အောင်အေး၊ ဦးမြင့်သိန်း၊ ဦးထွန်းရှင်၊ ဦးချစ်လွင်၊ ဦးတင်အေး၊ တရားရုံးချုပ်ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် ညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိများ၊ ရန်ကုန်တိုင်းတရားသူကြီး၊ တွဲဖက်တိုင်းတရားသူကြီးများနှင့် တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူး၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူ ၆၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ခြောက်ပတ်ကြာမြင့်မည်ဖြစ်သည်။**(သတင်းစဉ်)**

ထောင်ပိုင်နှင့်ထောင်မှူးလောင်းသင်တန်းဖွင့် ပြည်ထဲရေးဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ထောင်ပိုင်သင်တန်းအမှတ်စဉ်(၃/၂၀၀၄)နှင့် ထောင်မှူးလောင်းသင်တန်းအမှတ်စဉ်(၅/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က အင်းစိန်မြို့ အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့်ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီမှ တာဝန်ရှိသူများ၊ ပညာရေး ဝန်ကြီးဌာနမှ ပါမောက္ခများ၊ ကထိကများ၊ နည်းပြများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင် တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများနှင့် တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပြိုင်ပွဲသို့ အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်ထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအသစ်အဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ အယ်လ်ဘတ်တိုယိုမူလို ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ပတ်စုံညီအစည်းအဝေးကို ဩဂုတ် ၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆေးပညာရှင်အဖွဲ့၏ လုပ်ငန်းရပ်များဆိုင်ရာ ဆွေးနွေးဟောပြောပွဲအဖြစ် " Symposium on Township Health System"ကို ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဆေးပညာရှင်အဖွဲ့ဝင်များ နံနက် ၇နာရီမှစတင်၍ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီအလွတ်တန်းဘော်လီဘောပြိုင်ပွဲစတင်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၄ခုနှစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီမှ စတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံတွင်ကျင်းပရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူးဦးစိုးသိမ်းနှင့် အမှုဆောင်များ ကြည့်ရှုအားပေးကြသည်။

အမျိုးသမီးပွဲစဉ်

ယနေ့တွင် အမျိုးသမီးပွဲစဉ် နှစ်ပွဲနှင့်၊ အမျိုးသားပွဲစဉ်သုံးပွဲကျင်းပရာ အမျိုးသမီးပြိုင်ပွဲ၌ ပို့ဆောင်ရေး(ခ)အသင်းက ပို့ဆောင်ရေး(က)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း**(ယာပုံ)**၊ ပြည်ထဲရေးအသင်းက အမှတ်(၁)စက်မှု အသင်းကို သုံးပွဲ–နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ တွင် ကာကွယ်ရေး(လူငယ်)အသင်းက ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက ပို့ဆောင်ရေးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးအသင်းက ကက(ရေ)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အသီးသီး အနိုင်ရရှိကြသည်။

ပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေး(မျိုးဆက်သစ်)၊ မြို့တော်စည်ပင်၊ ပြည်ထဲရေး၊ ကက(ရေ)၊ ပို့ဆောင်ရေး၊ ကာကွယ်ရေး(လူငယ်) အသင်းတို့ပါဝင်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေး၊ ပို့ဆောင်ရေး(ခ)၊ အမှတ်(၁)စက်မှု၊ ပြည်ထဲရေး၊ ပို့ဆောင်ရေး(က)အသင်းတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များကို နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံ၌လည်းကောင်း၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ ဘော်လီဘောအားကစား ဝါသနာရှင်များ အခမဲ့ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



မလှိုင် စိန်ရတုမဂ္ဂဇင်း ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဩဂုတ် ၂၃

မလှိုင်မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဝိနည်းစာတော်ပြန်ပွဲ (၇၅)နှစ်မြောက် စိန်ရတုမဂ္ဂဇင်းကို တာဝန်ခံ အယ်ဒီတာသိန်းတိုး စီစဉ်တည်းဖြတ်၍ ထုတ်ဝေဖြန့်ချီလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် ဆရာကြီးဦးသုခ၊ ဘုန်းနွယ်၊ ငွေဥဒေါင်း၊ သော်တာဆွေ၊ အရှင်ဣန္ဒက(ပုလဲ)၊ မောင်ဆုရှင်၊ စောလူ၊ လေးမြိုင်၊ အရှင်စန္ဒာဓောတိ၊ ရဝေထွန်း၊ စောမုံညင်း၊ ဒေါက်တာခင်မောင်ညို၊ မကြွယ်ကြွယ်၊ မအိ၊ ဒဂုန်ဦးစန်းငွေ၊ ရန်အောင်၊ သန်းအောင် (အညာမြေ)၊ မောင်စိုးထိုက် (သုံးဆယ်)၊ မောင်စိုးရ (မလှိုင်)၊ တောသားကြီးလူနိုင်၊ မောင်နှင်းအောင်(မလှိုင်)၊ အေးပြည့်ဝေခင်၊ နေမိုချုန်း (မလှိုင်)တို့၏ ဘာသာ၊ သာသနာ၊ သုတ၊ ရသစာ၊ ကဗျာများ၊ ငွေကြည်၊ မောင်ဝဏ္ဏ၊ မြေဇာ၊ သစ်ထွဏ်းတို့၏ ကာတွန်းများ၊ စာတော်ပြန်ပွဲဆိုင်ရာ မှတ်တမ်းဓာတ်ပုံဝေဝေဆာဆာဖော်ပြထားပြီး စက္ကူချော၊ အတ်ကတ်ဖုံးဖြင့် ထူထူခံ့ခံ့ ထုတ်ဝေလိုက်ကြောင်း သိရသည်။ **(က–ပ)**

မုတ်သုံလေ အားအသင့်အတင့်ရှိ

ရန်ကုန် ဩဂုတ် ၂၃

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့်မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ရန်ကုန်တိုင်း၊ ချင်းပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ဧရာဝတီတိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အများအားဖြင့်အားအသင့်အတင့်ရှိနေသည်။

ဩဂုတ်၂၄ရက် ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မန္တလေးတိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

အီတလီနှင့်အာဂျင်တီးနား၊ အီရတ်နှင့်ပါရာဂွေး အကြိုဗိုလ်လုပွဲများ ယနေ့ယှဉ်ပြိုင်ကစားကြမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၂၃

အသင်းအိုလံပစ်အားကစားပွဲတော်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၁၁ရက်မှစ၍ ကျင်းပခဲ့ရာ ယခုအခါ အကြိုဗိုလ်လုပွဲအဆင့်ထိရောက်ရှိခဲ့ပြီ ဖြစ်သည်။ အကြိုဗိုလ်လုပွဲများအဖြစ် အီတလီနှင့်အာဂျင်တီးနား၊ အီရတ်နှင့်ပါရာဂွေးတို့ ဩဂုတ် ၂၄ရက် **(ယနေ့)** တွင် ယှဉ်ပြိုင်ကစားရတော့မည် ဖြစ်သည်။

၂၀၀၄ခုနှစ် အသင်းအိုလံပစ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သော အသင်းလေးသင်း တွင် အာရှတိုက်မှ အီရတ်၊ ဥရောပမှအီတလီနှင့် တောင်အမေရိကတိုက်မှ အာဂျင်တီးနားနှင့် ပါရာဂွေးအသင်းတို့ဖြစ်သည်။

တောင်အမေရိကမှ အာဂျင်တီးနားနှင့် ဥရောပမှအီတလီတို့ အကြိုဗိုလ်လုပွဲအဖြစ် ဂရိနိုင်ငံ အေသင်မြို့ရှိ ကာရစ်ကာကီ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အာဂျင်တီးနားအသင်းသည် အေသင်အိုလံပစ်၌ ဗိုလ်စွဲမည့်အသင်းဟု ပြိုင်ပွဲမစတင်မီကပင် ရေပန်းစားခဲ့သောအသင်း ဖြစ်သည်။

အာဂျင်တီးနား

အာဂျင်တီးနားအသင်းအုပ်စုပွဲ သုံးပွဲကစားခဲ့ရာတွင် သုံးပွဲစလုံးအနိုင်ရကာ ကွာတားတွင် ကော်စတာရီကာအသင်းကို လေးဂိုးပြတ်သွင်းနိုင်ခဲ့ပြီး ကွာတားအထိ လေးပွဲကစားခဲ့ရာ၌ ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ၊ သရေပွဲမရှိ၊ သွင်းဂိုး၁၃ဂိုးဟူသော ရလဒ်ကောင်းများ သယ်ဆောင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သော အသင်းလည်းဖြစ်သည်။

ပွဲစဉ်တိုင်း၌ အာဂျင်တီးနားတို့ ခြေစွမ်းပြနိုင်ခဲ့ပြီး တိုက်စစ်မှူးများက ဂိုးသွင်းအားကောင်းခဲ့ကြသည်။ အာဂျင်တီးနားအသင်း ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်သည့် ရိုဆာလက်၊ တီဗက်၊ ဒယ်လ်ဂါဒို၊ ဆာဗီယိုလာနှင့် ဖီဂွယ်ရိုရာတို့က တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားနိုင်ကြသလို အလယ်တန်းမှ မက်ချာရာနို၊ ဂွန်ဇာလက်ဇ်၊ ဒီအလက်ဆန်ဒရိုနှင့် ဂွန်ဇာလက်လူအစ်တို့က ဘောလုံးအဖြတ်အတောက် အပေးအပို့ကောင်းကာ ကစားကွက်ကိုလည်း ဆင်ပေးနိုင်ကြသည်။

အာဂျင်တီးနား နောက်တန်းခံစစ်မှူးများဖြစ်သည့် အယာလာ၊ ကိုလိုစီနီ၊ ဟိန့်ဇ်တို့မှာ ယခုနှစ်အိုလံပစ်ပြိုင်ပွဲ အသင်းများတွင် အကောင်းဆုံးခံစစ်မှူးများပင်ဖြစ်ရာ ယခုအကြိုဗိုလ်လုပွဲအထိ တစ်ဂိုးမျှ အသွင်းမခံရအောင် ကာကွယ်ဟန့်တားနိုင်ခဲ့ကြသည်။ အာဂျင်တီးနား တစ်သင်းလုံး ခြေစွမ်းထက်မြက်လျက်ရှိရာ လက်ရှိအနေအထားတွင် အီတလီတို့ကို အနိုင်ကစားမည်သာ ဖြစ်သည်။

အီတလီ

အီတလီအသင်းမှာ ကွာတားအထိ လေးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေဟူသောရလဒ်များဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော်လည်း အီတလီ ခြေစွမ်းမှာ အားရဖွယ်ရာမရှိပေ။ ကွာတားအထိလေးပွဲကစားပြီးချိန်တွင် ခြောက်ဂိုးသာသွင်းထားနိုင်ခဲ့ပြီး ပေးဂိုး ငါးဂိုးထိရှိခဲ့သည်။

အီတလီရှေ့တန်းတွင် ယခင်နှစ် စီးရီးအေ ပါးမားတွင် ဂိုးပေါင်း ၂၂ဂိုး သွင်းထားနိုင်ခဲ့သော ဂီလာဒီနိုလည်း ထင်သလောက်ခြေစွမ်းမပြနိုင်ခဲ့သလို ပီယာလို၊ ဗာရာရီနှင့် စကူလီတို့လည်း

အာဂျင်တီးနားနှင့်ကော်စတာရီကာတို့ပွဲတွင် အာဂျင်တီးနားမှ ကွင်းလယ်ကစားသမား အင်ဒရက်ဒီအလက်ဒရို ထိုးဖောက်ကစားမှုကို ကော်စတာရီကာမှ ဂျို့လိုပက်ဇ်က ဟန့်တားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခြေစွမ်းမထက်မြက်ဘဲ ရှိနေသည်။ အီတလီကွင်းလယ်ကစားကွက်ကောင်းသော်လည်း နောက်တန်းခံစစ်မှူးများ အချင်းချင်းနားလည်မှုလွဲနေတတ်ရာ လျင်မြန်သော အာဂျင်တီးနား တိုက်စစ်မှူးများကို ဟန့်တားရာတွင် အခက်တွေ့စေနိုင်သည့် အနေအထားတွင်ရှိသည်။

အီရတ်နှင့်ပါရာဂွေးအသင်းတို့ အကြိုဗိုလ်လုပွဲအဖြစ် ဂရိနိုင်ငံ သက်ဆာလိုနီကီမြို့ရှိ ကာဖ်တင်ဇိုလီရို အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

အီရတ်

အာရှဖလားပြိုင်ပွဲဝင်အသင်းမှ အားကစားသမားများကို အခြေခံဖွဲ့စည်းပြီး အေသင်အိုလံပစ်ခရီးနှင်လာသော အီရတ်အသင်းသည် အကြိုဗိုလ်လုပွဲထိတက်ရောက်လာနိုင်ခဲ့ခြင်းသည်ပင် အမြင့်မားဆုံးအောင်မြင်မှုတစ်ရပ်ဖြစ်နေရာ အိုလံပစ်သမိုင်းတွင် သုံးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာတွင် ယခုအေသင်အိုလံပစ်၌ အကြို ဗိုလ်လုပွဲအထိ တက်ရောက်လာနိုင်ခဲ့ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အီရတ်အသင်းအနေဖြင့် ၁၉၈၀ ပြည့်နှစ် မော်စကိုအိုလံပစ်၌ ကွာတားအဆင့်ထိ ရောက်ခဲ့ဖူးသည့် နောက်ပိုင်း ယခုအကြိမ်သည် အမြင့်မားဆုံး အောင်မြင်မှုဖြစ်သည်။ အေသင်အိုလံပစ် ပြိုင်ပွဲဝင် အီရတ်အသင်း၏ ခြေစွမ်းမှာ အထူးထက်မြက်လျက်ရှိရာ ပြိုင်ဘက်အသင်းများအံ့အားသင့်စရာပင်ဖြစ်ခဲ့ရသည်။

အီရတ်အသင်း အုပ်စုပွဲသုံးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ (၆)မှတ်ဖြင့် အုပ်စု(ဃ)အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်တက်လာပြီး ကွာတားဖိုင်နယ်၌ ဩစတြေးလျကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြန်မှုကြောင့် အကြိုဗိုလ်လုပွဲ တက်ရောက်လာနိုင်ခဲ့ရာ ယခုအချိန်အထိ လေးပွဲကစားခဲ့ရာတွင် သွင်းဂိုးရှစ်ဂိုး၊ ပေးဂိုးသုံးဂိုးရှိခဲ့သည်။

အီရတ်တိုက်စစ်မှူးများဖြစ်သည့် အီမက်မိုဟာမက်၊ ယူနစ်မာမွတ်နှင့် ကူဆေးမူနီရာတို့က တစ်ဖက်အသင်းနောက်တန်းကို အဝင်အထွက်ရဲရဲဖြင့် ထိုးဖောက်ကစားနိုင်ကြရာ အီရတ် အလယ်တန်းနှင့် ရှေ့တန်းတိုက်စစ်မှူးများ အုပ်စုဖွဲ့ ထိုးဖောက်တိုက်စစ်ဆင်ကစားပါက ပါရာဂွေး ခံစစ်ကြောင်း တောင့်ခံနိုင်ရန် မလွယ်ပေ။

အီရတ်တို့ သတိထားရမည်မှာ နောက်တန်းခံစစ်မှူးများပင်ဖြစ်သည်။ အီရတ်နောက်တန်းမှ ဟိုင်ဒါဂျာဘာ၊ ဟိုင်ဒါအဘူရာဇက်နှင့် အဗ္ဗဒူအမီရာတို့က တစ်ဖက်အသင်းတိုက်စစ်မှူးများကို ဟန့်တားရာတွင် ခပ်ကြမ်းကြမ်းကစားတတ်ရာ ပြစ်ဒဏ်ဘောများ ဖြစ်ပေါ်နိုင်သဖြင့် ပါးပါးနပ်နပ် ကစားရန် လိုအပ်နေသည်။

အာရှမှ အီရတ်အသင်းတစ်သင်းတည်းသာ အကြိုဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့ရာ တောင်အမေရိက ခြေစွာပါရာဂွေးကို မည်သို့ဖြတ်ကျော်နိုင်မည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

ပါရာဂွေး

အကြိုဗိုလ်လုပွဲ၌ အီရတ်နှင့် ကစားရမည့် ပါရာဂွေးအသင်းမှာ အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး အုပ်စုပွဲသုံးပွဲကစား ခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆) မှတ်ဖြင့် အုပ်စု(ခ)အုပ်စုပထမရပြီး ကွာတားတက်လာရာ ကွာတားဖိုင်နယ်၌ တောင်ကိုရီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး အကြို ဗိုလ်လုပွဲအထိ တက်လှမ်းလာသော အသင်းဖြစ်သည်။

ယခုအချိန်ထိ လေးပွဲကစားခဲ့ရာတွင် သွင်းဂိုး ကိုးဂိုး၊ ပေးဂိုး ခုနစ်ဂိုးရှိခဲ့ရာ အကြိုဗိုလ်လုပွဲ တက်ရောက်လာသော အသင်းလေးသင်းတွင် ပေးဂိုးအများဆုံးအသင်းလည်းဖြစ်သည်။ ပါရာဂွေးအသင်း ကစားပုံမြန်ဆန်သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ဘာအီရိုနှင့် ကာဒိုဇိုတို့သာ ယခုထက် ဂိုးသွင်းခြေမှန်ပါက သွင်းဂိုးများများ ရရှိနိုင်သည့် အနေအထားရှိနေသည်။ ပါရာဂွေးအသင်း၏ အားသာချက်မှာ အလယ်တန်းဖြစ်သည်။ ကွင်းလယ်ကစားသမားများဖြစ်သော ဘာရီကို၊ ဖီဂူရီဒို၊ အင်စီခရိုနှင့် ဒိုင်အက်ဇ်တို့ ရှေ့နောက်ကစားနိုင်ပြီး ဘောလုံးပေးပို့မှုနှင့် ကစားကွက်အသာစီးရအောင် ကစားနိုင်ကြသည်။ တိုက်စစ်တွင်လည်း လိုက်ပါအားဖြည့်နိုင်သူများဖြစ်သလို အခွင့်အရေးရသည်နှင့် ဂိုးသွင်းနိုင်ကြသည်။

သို့သော် ပါရာဂွေးတို့ အိုလံပစ်ခြေစစ်ပွဲကာလ တောင်အမေရိကဇုန်ခြေစစ်ပွဲ တွင် ကမ္ဘာ့ထိပ်သီး ဘရာဇီးအသင်းကို အနိုင်ကစားခဲ့သည့် ခြေစွမ်းမျိုး ပြန်လည်ရရှိပါက အီရတ်အသင်းကို အနိုင်ကစားနိုင်သည့် အနေအထားမျိုးရှိရာ အီရတ်အသင်းအနိုင်ရရှိရန် ခက်ခက်ခဲခဲ ကစားရမည် ဖြစ်သည်။

ပါရာဂွေးအသင်း အိုလံပစ်သမိုင်း၌ ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး အီရတ်နှင့်လည်း ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ရာ တောင်အမေရိကမှ ပါရာဂွေးတို့ အနိုင်ရအောင်ကစားသွားမည်သာဖြစ်သည်။

အေသင်အိုလံပစ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ယနေ့ကစားပြီးဖြစ်ရာ ဗိုလ်လုပွဲသို့မည်သည့်အသင်းများတက်ရောက်လာမည်ကို မကြာမီမြင်တွေ့ရတော့မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဩစတြေးလျအပြေးမယ်များ လက်ဆင့်ကမ်းအပြေးစံချိန်ချိုး

အေသင် ဩဂုတ် ၂၃

ဩစတြေးလျမှ ဂျော်ဒီဟင်နရီနှင့် ပက်ထရီယာသောမတ်တို့သည် စနေနေ့က အေသင်အိုလံပစ် အမျိုးသမီး မီတာ ၄ x၁၀၀ လက်ဆင့်ကမ်းပြေးပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိသွားသည်။

အဆိုပါ အမျိုးသမီးများသည် ဂျီယန်ရူနေးနှင့် လစ်ဆယ်ဂျုံးတို့နှင့် လက်ဆင့်ကမ်းပြေးခဲ့ပြီး သုံးမိနစ် ၅၇ ဒသမ ၃၂စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီး ယခင်အိုလံပစ်ပြိုင်ပွဲတွင် အမေရိကန်မှ စံချိန်တင်ထားသော သုံးမိနစ် ၅၈ ဒသမ၃၀စက္ကန့်ကိုစံချိန်ချိုးလိုက်သည်။

ယင်းလက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် အမေရိကန်က ငွေနှင့် ဂျာမနီက ကြေးတံဆိပ်များသာ ရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာတစ်လွှား အားကစား

ချီလီမှ နီကိုလတ်မတ်ဆူး တင်းနစ်တွင်ရွှေနှစ်ခုဆွတ်ခူး

အေသင် ဩဂုတ် ၂၃

နီကိုလတ်မတ်ဆူးနှင့် ဖာနန်ဒို ဂွန်ဇာလက်ဇ်တို့သည် စနေနေ့က အိုလံပစ်တင်းနစ်ပြိုင်ပွဲတွင် ချီလီနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူးသွားခဲ့သည်။

အဆိုပါ ချီလီနိုင်ငံသားတင်းနစ်အားကစားသမားများသည် ဂျာမနီမှ နီကိုလတ်ကီဖာနှင့် ရိန်းဂျားချော်လ်တာတို့အတွဲကို ၆-၂၊ ၄-၆၊ ၃-၆၊ ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို စနေနေ့ညနေပိုင်းက စတင်ယှဉ်ပြိုင်ကစားရာ သုံးနာရီနှင့် ၄၃ မိနစ်ကြာအောင် ကစားခဲ့သည်။

နီကိုလတ်မတ်ဆူးသည် တနင်္ဂနွေနေ့က ကစားသော တစ်ဦးချင်း

အောင်ပွဲခံ

အေသင်အိုလံပစ် တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချီလီမှ ရွှေတံဆိပ်ရှင် နီကိုလတ်မတ်ဆူး အမေရိကန်မှ မာဒီဖစ်ရှ်ကို အနိုင်ရဗိုလ်စွဲပြီး အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တင်းနစ်ပြိုင်ပွဲတွင်လည်း အမေရိကန်မှ မာဒီဖစ်ရှ်အား ဗိုလ်လုပွဲ၌ အနိုင်ရရှိကာ ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

မတ်ဆူးသည် မာဒီဖစ်ရှ်အား ၆-၃၊ ၃-၆၊ ၂-၆၊ ၆-၃၊ ၆-၄ တို့ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

အာဆင်နယ်ပရီမီးယားလိဂ် ထိပ်ဆုံးဖြစ်ရေး သီယာရီအွန်နရီနှင့်ဒင်းနစ်ဘားကင့်တို့ကြိုးပမ်း

လန်ဒန် ဩဂုတ် ၂၃

သီယာရီအွန်နရီနှင့် ဒင်းနစ်ဘားကင့်တို့သည် တနင်္ဂနွေနေ့က ဟိုက်ဘူရီကွင်း၌ ပရီမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အဓိကစွမ်းဆောင်ပေးကြသူများ ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်က မစ်ဒယ်ဘရော့အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ပြင်သစ်မှ အွန်နရီနှင့် ဒတ်ချ်မှ ဘားကင့်တို့သည် မေလက တစ်နှစ်စာချုပ်ဖြင့် ချုပ်ဆိုထားသူများဖြစ် သည်။ ၎င်းတို့သည် အာဆင်နယ် အသင်းအား ပရီမီးယားလိဂ် ထိပ်ဆုံးသို့ ရောက်ရှိရေး စွမ်းဆောင်ပေးခဲ့ကြသည်။

အွန်နရီ၏ကြိုးပမ်းမှုကြောင့် ပြီးခဲ့သောဘောလုံးရာသီက အာဆင်နယ် အသင်း ပရီမီးယားလိဂ်ထိပ်ဆုံးသို့ ရောက်ခဲ့သည်။

အာဆင်နယ်သည် ဒုတိယပိုင်း အစပိုင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်နေရာမှ ဘားကင့်ကချေပဂိုးစတင်သွင်းယူပြီးနောက် အာဆင်နယ်က ဆက်တိုက်ဂိုးများသွင်းကာ ပွဲကို အဆုံးသတ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျော်ဂျီယာမှအဆန်နစ်ဇီ အလေးမတွင်ရွှေတံဆိပ်ရ

အေသင် ဩဂုတ် ၂၃

အဆန်နစ်ဇီသည် ဂျော်ဂျီယာနိုင်ငံအတွက် ၎င်း၏ပထမဆုံးသော ရွှေတံဆိပ်ကို စနေနေ့က အေသင်အိုလံပစ်၌ ဆွတ်ခူးပေးလိုက်သည်။

အဆန်နစ်ဇီသည် ၈၅ ကီလိုတန်းတွင် ၁၇၇ ဒသမ ၅ ကီလိုဂရမ်နှင့် နှစ်ဆင့်မ ၂၀၅ ကီလိုဂရမ် စုစုပေါင်း ၃၈၂ ဒသမ ၅ ကီလိုဂရမ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားခြင်းဖြစ်သည်။

ဘီလာရုစ်မှ ရှိုင်ဘာကော့ဗ်သည် ကီလိုဂရမ်၃၈၀ဖြင့် ငွေတံဆိပ် ဆွတ်ခူးသွားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဘီလာရုစ်အပြေးမယ် မထင်မှတ်ဘဲရွှေတံဆိပ်ရ

အေသင် ဩဂုတ် ၂၃

ဘီလာရုစ်နိုင်ငံမှ ယူလီယာနက်စတာရင်ဂိုသည် စနေနေ့က အေသင်အိုလံပစ်အမျိုးသမီး မီတာ ၁၀၀အပြေးပြိုင်ပွဲတွင် မထင်မှတ်ဘဲအောင်မြင်မှု ရရှိသွားသည်။

ခြေလှမ်းကျဲသော ဘီလာရုစ်အမျိုးသမီးသည် ယခင်ဆိုဗီယက်နိုင်ငံမှဖြစ်ပြီး အိုလံပစ်တာတိုပြေးပွဲတွင် ပထမဆုံးရွှေတံဆိပ် ဆွတ်ခူးခြင်းဖြစ်သည်။၎င်းသည် အမေရိကန်မှ လောရင့်ဝီလီယမ်ကို ဖြတ်ကျော်ကာ ၁၀ ဒသမ ၉၃ စက္ကန့်ဖြင့် ပန်းဝင်လာခြင်းဖြစ်သည်။

ဝီလီယမ်သည် အစောပိုင်းတွင် ဦးဆောင်ပြေးနိုင်ခဲ့သော်လည်း ဂျမေကာမှ ဗာရွန်နီကာကင့်ဘဲလ်ကို ဖြတ်ကျော်ကာ ၁၀ ဒသမ ၉၆ ဖြင့် ဒုတိယရရှိခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

စနူကာအကြီးတန်းပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများစတင်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Rave Myanmar Snooker(Senior) Championship 2004 စနူကာအကြီးတန်းပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီက ဖန်တက်စီဝေါလ်(သိမ်ကြီးဈေး)တွင် စတင်ကျင်းပရာ ပြိုင်ပွဲဝင်၂၄ဦး အုပ်စု ရှစ်အုပ်စုခွဲ၍ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

အနိုင်ရရှိ

(က)အုပ်စုတွင် ကျော်ဦးက စိုင်းမျိုးနိုင်ကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (ခ)အုပ်စုတွင် အာကာဟိန်းထက်က နေသွေးဦးကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (ဂ)အုပ်စုတွင် အောင်ဆန်းဦးက မင်းမင်းဦးကိုနှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (ဃ)အုပ်စုတွင် ကျော်ငွေက ခွန်ဇော်ထွေး(ရှမ်း)ကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။ **(မြန်မာ့အလင်း)**

ပရီမီးယားလိဂ်ပွဲစဉ် (၃)ဆက်လက်ကျင်းပမည် ချယ်လ်ဆီးနှင့်အာဆင်နယ်တို့ နိုင်ပွဲဆက်ဦးမည်လော

ကိုထွေး

ရန်ကုန် ဩဂုတ် ၂၃

အင်္ဂလန်ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃)ကို ဩဂုတ် ၂၅ ရက်နှင့်၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပုံမှန်ကျင်းပနေကျ စနေနေ့နှင့်တနင်္ဂနွေနေ့များ ထက်စော၍ ကြားပွဲအဖြစ် ဗုဒ္ဓဟူးနေ့နှင့်ကြာသပတေးနေ့များ၌ ကျင်းပခြင်းဖြစ်ပြီး ပွဲစဉ်ရှစ်ပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မန်ချက်စတာယူနိုက်တက်နှင့် လီဗာပူးအသင်းတို့ ချန်ပီယံလိဂ်ပွဲစဉ်များရှိနေ၍ ၎င်းတို့ကစားရမည့် ပွဲစဉ်များကို ရက်ရွှေ့ထားသည်။ ဩဂုတ် ၂၅ ရက်တွင် ဘာမင်ဂမ်နှင့် မန်စီးတီး၊ ခရစ္စတယ်ပဲလေ့စ်နှင့်ချယ်လ်ဆီး တို့ ကစားကြမည်ဖြစ်ပြီး ကျန်ပွဲစဉ်ခြောက်ပွဲကို ဩဂုတ် ၂၆ရက်၌ ကစားကြမည်ဖြစ်သည်။

ဘာမင်ဂမ်နှင့်မန်စီးတီး

နှစ်ပွဲကစား တစ်မှတ်စီရရှိထားကြသော ဘာမင်ဂမ်နှင့် မန်စီးတီးတို့ပွဲသည် သရေပွဲဖြစ်ရန်အများဆုံး ဦးတည်လျက်ရှိသည်။ ပွဲစဉ်(၂)၌ မန်စီးတီးက လီဗာပူးကိုနှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးထားသလို ဘာမင်ဂမ်ကလည်း ချယ်လ်ဆီးကို တစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးထားသည်။ နှစ်သင်းစလုံး ပွဲကျပ်ကစားထားရသဖြင့် ပွဲပန်းနေကြရာ နည်းပြဆရာများပထမတာထွက်အသင်းကို စဉ်းစဉ်းစားစား လုပ်ကြမည့် အနေအထားဖြစ်သည်။ ဘာမင်ဂမ်က ယမန်နှစ်အတိုင်းအိမ်ကွင်းရလဒ်ကောင်းခဲ့မည်ဆိုလျှင် မန်စီးတီးတို့လက်ချည်းဗလာပြန်သွားရဖို့ရှိသည်။ ချယ်လ်ဆီးကို တစ်ဂိုးနှင့်ကပ်ရှုံးခဲ့သည့် ပွဲတွင် ဘာမင်ဂမ်ကစားပုံကောင်းသည်။ ယမန်နှစ်ဆုံတွေ့မှု၌ မန်စီးတီးကွင်းတွင် ဂိုးမရှိသရေကျခဲ့ပြီးဘာမင်ဂမ်ကွင်း၌ ဘာမင်ဂမ်ကနှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘာမင်ဂမ် အနိုင်ရသင့်သောပွဲဖြစ်ပြီး မန်စီးတီးမှအနယ်ကာနှင့် ရော်ဘီဖောင်လာတို့ ခြေမြူးလျှင် အဖြေပြောင်းသွားနိုင်သည်။

ခရစ္စတယ်ပဲလေ့စ်နှင့်ချယ်လ်ဆီး

အပြောကြီးသလောက် နိုင်ပွဲဆက်နေသော ချယ်လ်ဆီးနည်းပြမော်ရင်ဟို အနေဖြင့် အတန်းတက် ခရစ္စတယ်ပဲလေ့စ်နှင့်ရင်ဆိုင်ရခြင်းကြောင့် ဆက်လက် အောင်ပွဲခံနိုင်မည့် အနေအထားပင်ဖြစ်သည်။ သို့သော် ကမ္ဘာကျော်ဘောလုံးသမားများ တစ်ပုံတစ်ပင် ဝယ်ယူအားဖြည့်ထားပါလျက်နှင့် တစ်ပွဲလျှင် တစ်ဂိုးနှုန်းသာ သွင်းနိုင်ခဲ့၍ ချယ်လ်ဆီးပရိသတ်များ အားမလိုအားမရဖြစ်နေကြသည်။ ယခုပွဲတွင် ချယ်လ်ဆီးတို့ ဂိုးပြတ်သွင်းနိုင်ပါမှ ပရိသတ်ဆန္ဒပြည့်ဝမည်ဖြစ်ရာ မော်ရင်ဟိုအနေဖြင့်အကောင်းဆုံးလူစာရင်းထုတ်ပြီး ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးက မန်ယူကိုနိုင်သည့်ပွဲတွင် ဂွတ်ဂျွန်ဆင်က ဂိုးသွင်းပြီး ဘာမင်ဂမ်ကိုနိုင်သည့်ပွဲတွင် ဂျိုကိုးလ်က ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။

ပရီမီးယားလိဂ်ပွဲစဉ်(၂)၌ မန်ယူက နော်ဝစ်ချ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ဒုတိယဂိုးကို မန်ယူ တိုက်စစ်မှူး အလန်စမစ်က ဤသို့ ကန်သွင်းယူခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီး၏ မူလလက်ဟောင်းများ သွင်းဂိုးဖြင့်သာ ခြောက်မှတ်ရထားခြင်းဖြစ်ပြီး မော်ရင်ဟိုလက်ထက်၌ ဝယ်ယူခဲ့သော ဘောလုံးသမားများ ဂိုးမသွင်းနိုင်ကြသေးပေ။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အတန်းတက်လာသော သုံးသင်းအနက် အားအနည်းဆုံးဖြစ်သည်မှာ ပွဲစဉ်(၂) အပြီးတွင် ရုပ်လုံးပေါ်လာသည်။ အိမ်ကွင်း၌ ကစားရသော်လည်း အဲဗာတန်ကို သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့ခြင်းက နောက်တန်း အားနည်းမှုကို ပြသနေသည်။ ချယ်လ်ဆီး၏ ဂိုးများများလိုချင်နေသော အာသီသကို ခရစ္စတယ်ပဲလေ့စ် လင်းယုန်တို့ ဟန့်တားနိုင်ဖွယ်မမြင်ပေ။ ချယ်လ်ဆီးက ဂိုးပြတ်နိုင်ပြီး အမှတ်ပြည့်ယူမည်ဟု ထင်မိသည်။

အာဆင်နယ်နှင့် ဘလက်ဘန်း

ဒိုးကလေးကို ပြိုင်မည့်သူမပေါ်သေး ဆိုသလို ပရီမီးယားလိဂ်၌ အာဆင်နယ်ကို ယှဉ်နိုင်သူမရှိသေးဘဲ ဖြစ်နေသည်။ ပွဲစဉ်(၂)၌ မစ်ဒယ်ဘရော့ကို သုံးဂိုး–တစ်ဂိုးရှုံးနေရာမှ လေးဂိုးပြန်သွင်းပြီး ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ကစားသွားသည်မှာ အာဆင်နယ်၏ ချန်ပီယံစိတ်ဓာတ်နှင့် ချန်ပီယံခြေစွမ်းကို ပြသနိုင်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အတွက် ကံကောင်းသော ရာသီတစ်ခုထပ်လာနေပြီဖြစ်ရာ နည်းပြအာဆင်ဝင်းဂါး၏ နည်းဗျူဟာကြွယ်ဝမှုနှင့်အတူ အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေပြီဖြစ်သည်။

ဘလက်ဘန်းသည် ပွဲစဉ်(၂)၌ ဆောက်သမ်တန်ကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးထားသည်။ ဘလက်ဘန်းက အဝေးကွင်းရလဒ် မကောင်းသလို အိမ်ကွင်း၌လည်း စွံလှသည် မဟုတ်ပေ။ ပွဲစဉ်(၁)၌ အတန်းတက် ဝက်စ်ဘရွန်းကိုပင် တစ်ဂိုးစီသရေကျခဲ့ရာ နှစ်ပွဲကစား တစ်မှတ်သာ ရထားသည်။ မန်ယူ လူဟောင်း ဒွိုက်ယော့ခ် ခြေစွမ်းကျနေရာ အာဆင်နယ်နောက်တန်းကို ကျော်နိုင်မည် မထင်ချေ။ အာဆင်နယ်၏ ဟိုက်ဘူရီကွင်း၌ ကစားရခြင်းကြောင့်လည်း ဘလက်ဘန်းအနေဖြင့် အမှတ်မရသည့်အပြင် ဂိုးများများ အသွင်းခံရမည့် အနေအထားဖြစ်သည်။

ချာလ်တန်နှင့် အက်စတွန်ဗီလာ

ပရီမီးယားလိဂ်၏ အလယ်အလတ် နှစ်သင်းဆုံတွေ့ခြင်းဖြစ်၍ ပွဲကြည့်ကောင်းနိုင်သလို သရေနှင့် အဆုံးသတ်သွားရန် ဖြစ်နိုင်ချေများသည်။ ချာလ်တန်က ပွဲစဉ်(၁)၌ ဘော်လတန်ကို ဂိုးပြတ်ရှုံးခဲ့သော်လည်း ပွဲစဉ်(၂)၌ ပို့စ်မောက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချာလ်တန်က အိမ်ကွင်းမာကျောပြီး ယမန်နှစ်က အသင်းကြီးများကို ကောင်းကောင်း ဒုက္ခပေးနိုင်ခဲ့သည်။ အက်စတွန်ဗီလာက ပွဲစဉ်(၁)၌ ဆောက်သမ်တန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး အိမ်ကွင်း ရလဒ်ကောင်းခဲ့သော်လည်း ပွဲစဉ်(၂)၌ ဝက်စ်ဘရွန်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ အတန်းတက်ဝက်စ်ဘရွန်းကို ဦးဆောင်ဂိုး သွင်းနိုင်သော်လည်း ပထမပိုင်းမှာပင် ချေပဂိုးပြန်ပေးခဲ့ရသည်။ ယမန်နှစ်ဆုံတွေ့မှု၌ ချာလ်တန်ကွင်း၌ အက်စတွန်ဗီလာက နှစ်ဂိုး–တစ်ဂိုး၊ အက်စတွန်ဗီလာကွင်း၌ အက်စတွန်ဗီလာက နှစ်ဂိုး–တစ်ဂိုးဖြင့် နှစ်ပွဲစလုံးအနိုင်ရခဲ့သည်။ ယခုပွဲတွင် ချာလ်တန်က အိမ်ရှင်အားသာချက်ဖြင့် ရှုံးကြွေးဆပ်ရန် ကြိုးစားမည်ဖြစ်ရာ ချာလ်တန် ပါးပါးလေးကပ်နိုင်သွားဖွယ်ရှိသည်။

နယူးကာဆယ်နှင့်နော်ဝစ်ချ်

စိန့်ဂျိမ်းပတ်ခ်၌ ကစားရမည်ဖြစ်၍ နည်းပြကြီး ဆာဘော်ဘီရော့ဆင်ပွဲအပြီး အောင်ပွဲခံနိုင်ရန်များနေသည်။ နယူးကာဆယ်နောက်တန်းလူ ဝုဒ်ဂိတ် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့သွားခြင်းအပေါ် နည်းပြကြီး ဆာဘော်ဘီရော့ဆင်က ကလပ်တာဝန်ရှိသူများအား မကျေမနပ် ဖြစ်နေသည်။ ယခုနှစ် ပရီမီးယားလိဂ် ရာသီအစ၌ ထင်တိုင်းမပေါက်သည့် အသင်းများထဲတွင် နယူးကာဆယ် ထိပ်ဆုံးမှ ပါဝင်နေသည်။ ပွဲစဉ်(၁)၌ အဝေးကွင်း သွားကစားပြီး မစ်ဒယ်ဘရော့ နှင့် နှစ်ဂိုးစီ သရေကျခဲ့၍ အဖိုးတန်တစ်မှတ် ရရှိခဲ့သည်။ ပွဲစဉ်(၂)၌ တော့တင်ဟမ်ဟော့စပါးကို တစ်ဂိုးဖြင့် ကပ်ရှုံးခဲ့ရသည်မှာ အထူးနစ်နာခဲ့ရသည်။ စိန့်ဂျိမ်းပတ်ခ်၌ တော့တင်ဟမ်က သုံးမှတ်အပြည့်ယူပြီး ပြန်သွားခဲ့ကြရာ နယူးကာဆယ်ပရိသတ် အားမလိုအားမရ ဖြစ်ခဲ့ကြရသည်။ နော်ဝစ်ချ်သည် မန်ယူနှင့် ကစားထားရသဖြင့် ပင်ပန်းနေသည့်အချက်က အိမ်ရှင်တို့ကို အားသာစေမည်ဖြစ်သည်။ မန်ယူကို တစ်ဂိုးပြန်သွင်းသော နော်ဝစ်ချ်တို့၏ ခြေစွမ်းကလည်း လျှော့တွက်၍မရပေ။ မည်သို့ပင်ဖြစ်စေ စိန့်ဂျိမ်းပတ်ခ်၌ နယူးကာဆယ်ငှက်ကျားတို့ အနိုင်နှင့် အဆုံးသတ်မည်ကို မြင်ယောင်နေမိသည်။

ဖူဟမ်နှင့်မစ်ဒယ်ဘရော့

နှစ်ပွဲကစား (၄)မှတ်ရထားသော အိမ်ရှင်ဖူဟမ်တို့ ပွဲကျပ်ကစားရမည်ဖြစ်သည်။ ဟိုက်ဘူရီ၌ အာဆင်နယ်ကို သုံးဂိုး–တစ်ဂိုးဖြင့် ဦးဆောင်ပြီးမှ ငါးဂိုး–သုံးဂိုးဖြင့်ရှုံးခဲ့သော မစ်ဒယ်ဘရော့၏ ခြေစွမ်းမှာ အားရစရာကောင်းလှသည်။ မစ်ဒယ်ဘရော့က ဝယ်ယူအားဖြည့်ထားသော ရေးပါလာ၊ ဟက်ဆယ်ဘိန့်ခ်၊ ရိုင်ဇီဂါနှင့်ဖန်ဒန်တို့ခြေစွမ်းပြနိုင်ကြပြီဖြစ်ရာ ပြိုင်ဘက်များသတိထားရမည့် အနေအထားပင်ဖြစ်သည်။ သို့သော် မစ်ဒယ်ဘရော့နောက်တန်းနှင့် ဂိုးသမားတို့ အားနည်းချက်ရှိနေရာ တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂိုးများပေးနေရသည်။ ပွဲစဉ်(၁)၌ နယူးကာဆယ်နှင့်နှစ်ဂိုးစီ သရေကျသဖြင့် နှစ်ပွဲကစား တစ်မှတ်သာရထားသော မစ်ဒယ်ဘရော့အနေဖြင့် ယခုပွဲတွင် တစ်မှတ်နှင့်ကျေနပ်မည် မဟုတ်ပေ။ မစ်ဒယ်ဘရော့ ဂိုးသွင်းအားတက်လာသော်လည်း နှစ်ပွဲကစား ခုနစ်ဂိုးအသွင်းခံထားရသည်မှာ ပေးဂိုးအများဆုံးအသင်းဖြစ်နေသည်။ ဖူဟမ်တို့အိမ်ကွင်းရလဒ်ကောင်းနေရာ မစ်ဒယ်ဘရော့ကို အနည်းဆုံးသရေရအောင် ခံကစားမည်ဟုထင်မိသည်။ အနိုင်အရှုံးပေါ်ခဲ့သည်ရှိသော် နိုင်မည့်အသင်းမှာ မစ်ဒယ်ဘရော့ဖြစ်ဖွယ်ရှိသည်။

ဆောက်သမ်တန်နှင့်ဘော်လ်တန်

စိန့်မေရီကွင်း၌ စိန့်တို့နိုင်ပွဲရဦးမည်လား၊ စိတ်ဝင်စားစရာ ပွဲကောင်းတစ်ပွဲပင်ဖြစ်သည်။ ခြေမမှန်သေးသော ဘော်လ်တန်တို့ အဝေးကွင်း၌ ရလဒ်ဆိုးရွားခဲ့မှုက ဆောက်သမ်တန်၏ အိမ်ကွင်း ခြေစွမ်း ပြနိုင်မှုကို ကျော်လွှားရန်မလွယ်ကူပေ။ ဆောက်သမ်တန် တိုက်စစ်မှူးဂျိမ်းဘီတီ

ပရီမီးယားလိဂ်ပွဲစဉ် (၂)၌ အာဆင်နယ်က မစ်ဒယ်ဘရော့ကို ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အာဆင်နယ်အတွက် အဖွင့်ဂိုးသွင်းပေးသူ အွန်နရီ ဂိုးသွင်းပြီးနောက် ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

အသင်းပြောင်းမလိုလို သတင်းများ ထွက်နေသော်လည်း ပွဲစဉ်(၂)၌ ပါဝင်ကစားပြီး အနိုင်ဂိုးကို ပယ်နယ်တီမှ တစ်ဆင့် သွင်းယူပေးခဲ့သည်။ ပွဲစဉ်(၂)၌ ဆောက် သမ်တန်က ဘလက်ဘန်းကို သုံးဂိုး–နှစ်ဂိုးဖြင့်နိုင်ကာ (၃)မှတ်ရထားသကဲ့သို့ ဘော်လ်တန်ကလည်း ပွဲစဉ် (၁)၌ ချာလ်တန်ကို နိုင်ခဲ့၍ (၃)မှတ်ရထားသည်။ ယမန် နှစ်ဆုံတွေ့မှုတွင် ဆောက်သမ်တန်ကွင်း၌ ဘော်လ်တန်က နှစ်ဂိုး–တစ်ဂိုး၊ ဘော်လ်တန်ကွင်း၌ ဘော်လ်တန်က တစ်ဂိုး–ဂိုးမရှိဖြင့် နှစ်ပွဲစလုံးနိုင်ခဲ့သည်။ အိမ်ရှင် စိန့်တို့ကိုပို၍ အလေးပေးစဉ်းစားချင်သော်လည်းသရေဆိုလျှင်နှစ်သင်းစလုံးအတွက်အကောင်းဆုံးရလဒ်ပင် ဖြစ်ပေလိမ့်မည်။

ဝက်စ်ဘရွန်းနှင့်တော့တင်ဟမ်

ယူရို ၂၀၀၄ ၌ ပြင်သစ်အသင်းကို အောင်မြင်မှုရအောင် မစွမ်းဆောင်နိုင်ခဲ့သော နည်းပြ ဂျက်ဆန်တီနီသည် တော့တင်ဟမ်ဟော့စပါးအသင်းကို ရလဒ်ကောင်းများ ဖန်တီးပေးလျက်ရှိသည်။ ဝက်စ်ဘရွန်းအသင်းသည် အတန်းဆင်းသွားခဲ့ရာမှ ပထမတန်း၌ တစ်နှစ်သာနေခဲ့ပြီး တစ်ကျော့ပြန်အတန်းတက်လာခြင်း ဖြစ်သည်။ အသင်းပုံစံ ပျက်ယွင်းသွားခြင်းမရှိဘဲ ပို၍ မာကျော ကျစ်လျစ်မှုရှိလာသည်။ ပွဲစဉ် (၁)၌ ဘလက်ဘန်းကို တစ်ဂိုးစီသရေကစားခဲ့သလို ပွဲစဉ်(၂)၌ အက်စတွန်ဗီလာကို တစ်ဂိုးစီ သရေကျခဲ့သည်။ နှစ်သင်းစလုံးရှုံးပွဲမရှိသေးဘဲ အကြိတ်အနယ်ရှိသော ပွဲကောင်းတစ်ပွဲဖြစ်နိုင်သည်။ တော့တင်ဟမ်ဟော့စပါးက လီဗာပူးကို တစ်ဂိုးစီသရေကျခဲ့ပြီးနောက် ပွဲစဉ် (၂)၌ နယူးကာဆယ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့၍ (၄)မှတ် ရထားသည်။ တော့တင်ဟမ်မှ မန်ဒက်စ်၊ ရှောင်ဒေးဗစ်နှင့် ဒီဖိုးတို့၏ ခြေစွမ်းထက်မြက်မှုကို အာဆင်နယ်မှ ပြောင်းလာသော ဝက်စ်ဘရွန်းတိုက်စစ်မှူး ကနူးနှင့်ဇောလ်တန်ဂီယာတို့ တန်းတူ ယှဉ်ပြိုင်နိုင်မည်မထင်ပေ။ တော့တင်ဟမ်တို့ အမှတ်ပြည့်ရသွားနိုင်ပြီး ဝက်စ်ဘရွန်းတို့ အမြင့်ဆုံးမျှော်လင့်နိုင်သည်မှာ သရေပင်ဖြစ်သည်။

မြန်မာစံတော်ချိန်

ပရီမီးယားလိဂ် ပွဲစဉ်(၃)၏ ပွဲစဉ်များအားလုံးကို မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်နှင့် နံနက် ၁နာရီခွဲတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မြန်မာ့ဘောလုံးဝါသနာရှင်များ အိပ်ရေးပျက်ခံ၍ စောင့်ကြည့်ရမည် ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ပရီမီးယားလိဂ်ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	အာဆင်နယ်	၂	၂	၀	၀	၉	၄	၆
၂	ချယ်လ်ဆီး	၂	၂	၀	၀	၂	၀	၆
၃	ဖူဟမ်	၂	၁	၁	၀	၃	၁	၄
၄	အက်စတွန်ဗီလာ	၂	၁	၁	၀	၃	၁	၄
၅	လီဗာပူး	၂	၁	၁	၀	၃	၂	၄
၆	တော့တင်ဟမ်	၂	၁	၁	၀	၂	၁	၄
၇	ဘော်လ်တန်	၂	၁	၀	၁	၄	၃	၃
၈	မန်ယူ	၂	၁	၀	၁	၂	၂	၃
၉	အဲဗာတန်	၂	၁	၀	၁	၄	၅	၃
၁၀	ဆောက်သမ်တန်	၂	၁	၀	၁	၃	၄	၃
၁၁	ချာလ်တန်	၂	၁	၀	၁	၃	၅	၃
၁၂	ဝက်စ်ဘရွန်း	၂	၀	၂	၀	၂	၂	၂
၁၃	မစ်ဒယ်ဘရော့	၂	၀	၁	၁	၅	၇	၁
၁၄	ဘလက်ဘန်း	၂	၀	၁	၁	၃	၄	၁
၁၅	မန်စီးတီး	၂	၀	၁	၁	၂	၃	၁
၁၆	နယူးကာဆယ်	၂	၀	၁	၁	၂	၃	၁
၁၇	နော်ဝစ်ချ်	၂	၀	၁	၁	၂	၃	၁
၁၈	ပို့စ်မောက်	၂	၀	၁	၁	၂	၃	၁
၁၉	ဘာမင်ဂမ်	၂	၀	၁	၁	၁	၂	၁
၂၀	ခရစ္စတယ်ပဲလေ့စ်	၂	၀	၁	၁	၂	၄	၁

မေတ္တာအေးဆရာတော် ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် စံပြရပ်ကွက်မဟာစည် မေတ္တာအေး သာသနာ့ရိပ်သာ ပဓာန နာယက ဓမ္မာစရိယ မဟာစည်နယ်လှည့်ဓမ္မကထိက မေတ္တာအေးဆရာတော် ဘဒ္ဒန္တ သုဇာတမထေရ်မြတ်သည်ဝါခေါင်လပြည့်နေ့ မွန်းလွဲ၁နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာဓမ္မာရုံ၊ ညနေ၃နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်သာသနာ့ရောင်ခြည်ဓမ္မာရုံ၊ ည၇နာရီတွင်တောင်ဥက္ကလာပမြို့နယ်(၁၁)ရပ်ကွက်သာသနာ့ဟိတဓမ္မာရုံ၊ဝါခေါင်လပြည့်ကျော်ရက် မွန်းလွဲ၁နာရီတွင် သဃ်ာန်းကျွန်းမြို့နယ်ဆ/ခရပ်ကွက်မဟာစည်ဗုဒ္ဓ သာသနာ့ရိပ်သာ ဓမ္မာရုံ၊ ညနေ၃နာရီတွင်သမိုင်းကျိုက်ဝိုင်း ဒက္ခိဏာရုံ ကျောင်းတိုက်ဓမ္မာရုံ၊ ည၇နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် သာသနာ့ဟိတဓမ္မာရုံ၊ ဝါခေါင်လကွယ်နေ့တွင် ပုဂံညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ ဓမ္မာရုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်းသတိပဋ္ဌာန် ဝိပဿနာတရားများ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ဝိုင်းမော်မြို့နယ်၌ စပါးစိုက်ခင်းငါးမျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၂၃

ကချင်ပြည်နယ် သားငါး ကဏ္ဍတိုးတက်ရေးကို မျှော်မှန်း၍ ပြည် နယ်ငါးလုပ်ငန်းဦးစီးဌာနက စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ်၁၈ရက် နံနက်၉နာရီက ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးအန်ကြည်က စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူး နှင့် ပြည်နယ်အဖွဲ့ဝင်(၁)၊ ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့်တာဝန်ရှိသူများက လယ်သမား ငါးဦး၏ လယ်ဧက ၅၀ရှိ စပါးခင်းအတွင်း ရွှေနီတီလားဗီးယားနှင့် ရွှေဝါငါးကြင်းကောင်ရေ ၂၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြသည်။အလားတူခတ်ချို၊သာဂရ၊ ဝါရှောင်ကျေးရွာများရှိ သတ်မှတ်စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

(၁) အင်ဂျင်နီယာ G.T.I, E.T,E.C(Civil) ကျား(၂)ဦး
တိုက်ဆောက်ခြင်းအတွေ့အကြုံ(အစမှအဆုံးအထိ) (၃)နှစ်ခန့် ကျွမ်းကျင်စွာ ပါဝင်ဆောင်ရွက်ဖူးရမည်။ (အသက် ၄၀နှစ်အောက်)

(၂) ရုံးဝန်ထမ်း ရုံးလုပ်ငန်းဆောင်ရွက်ရန် ကျား(၂)ဦး
သိပ္ပံဘွဲ့နှင့် B.Econ (Stats) ဘွဲ့ရဖြစ်ရမည်။ (အသက်၃၅နှစ်အောက်)

- အထက်ပါ အလုပ်အကိုင် လျှောက်ထားသူများသည် ကျန်းမာသန်စွမ်းရမည်။
- အကျင့်စာရိတ္တ ကောင်းမွန်ရမည်။ (ရဲစခန်းနှင့် ရပ်ကွက်ရုံး ထောက်ခံစာပါရမည်။)
- နံနက် ၁၀း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ (၃)ရက်အတွင်း ဓာတ်ပုံ(၁)ပုံ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ဆက်သွယ်ရန်ဖြစ်ပါသည်။
- အမှတ်(၂၀၁)၊ ရွှေဘုံသာလမ်း၊ (ပ)ထပ်(ယာ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၂၂၈၇၊ ၃၇၉၂၃၆။

အမည်ပြောင်း

ပဲခူးတိုင်း၊ မင်းလှမြို့၊ မင်းတန်းလမ်းနေ ဦးတင်ဦး၏သမီး မရတနာလှိုင်လှိုင်ဌေး ၇/မလန(နိုင်)၀၄၆၆၀၆ အား မနှင်းလဲ့ခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနှင်းလဲ့ခင်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်မြင့်နိုင်၏နိုင်ငံကူးလက်မှတ်အမှတ် ၁၇၄၉၃၇ စာအုပ်ပြွန်တန်ဆာမှ ပဲခူးမြို့အကြား ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
မောင်မြင့်နိုင် ဖုန်း-561225

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်မြင့်ဇော်၏နိုင်ငံကူးလက်မှတ်အမှတ် ၁၇၉၅၅ စာအုပ်ပြွန်တန်ဆာမှ ပဲခူးမြို့အကြား ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
မောင်မြင့်ဇော် ဖုန်း-561225

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်မင်းဆွေ၏နိုင်ငံကူးလက်မှတ်အမှတ် ၁၈၁၅၁၀ စာအုပ်ပြွန်တန်ဆာမှ ပဲခူးမြို့အကြား ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
မောင်မင်းဆွေ ဖုန်း-561225

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန်လိုအပ်သောပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင်အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(1)	Spares for 9 Base Station TV TX	(1) Set
(2)	Spares for Computer & Networking	(1) Set
(3)	အသံလွှင့်လုပ်ငန်းသုံး Tape များ	(8)Items
(4)	ရုပ်မြင်သံကြားလုပ်ငန်းသုံး Tape များ	(3)Items
(5)	ရုပ်မြင်သံကြားလုပ်ငန်းသုံးစက်ပစ္စည်းများ	(3)Items
(6)	10.W TV TX Complete Set	(4) Sets
(7)	အသံလွှင့်လုပ်ငန်းသုံးစက်ပစ္စည်းများ	(12)Items
(8)	Radio Studio Digitalization Equipment for Studio(E)	(1) Set
(9)	Plain Paper Copier A_3	(2) Nos
(10)	Copy Printer(2 Paper Tray)	(1) No
(11)	Digital Photo Copier(18.Copier A_3.Size)	(1) No

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(1)	Camera(28 to 90mm Wide Zoom Lens with Case)	(20) Nos
(2)	Flash Gun	(20) Nos
(3)	TV Receiver(29")(Multi Colour)	(10) Nos
(4)	TV Receiver(21")(Multi Colour)	(10) Nos
(5)	Radio Cassette Recorder(130-Watts)	(10) Nos
(6)	Video Cassette Player(23 Watts)(240.V)	(10) Nos
(7)	Video Compact Disc Player	(65) Nos
(8)	Generating Set(2 KVA)	(24) Nos
(9)	Air Conditioner(1 HP)(Window Type)	(10) Nos

(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(1)	Wire Stitching Machine	(4) Nos
(2)	Air Conditioner(1.5HP)(Window Type)	(7) Nos
(3)	Battery Charger	(1) No
(4)	Clip on Amperer Meter(1to1000A)	(1) No
(5)	Plain Paper Copier	(2) Nos

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(1)	Computer e-Mac	(14) Nos
(2)	Computer Pentium IV	(3) Nos
(3)	Laser Printer A_4	(7) Nos
(4)	Laser Printer A_3	(10) Nos
(5)	Dot Matric Printer A_3	(5) Nos
(6)	Scanner A_3	(5) Nos
(7)	Cutting Machine	(3) Nos
(8)	Generator	(1) No

(င) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(1)	TV Receiver-21"(Multi Colour/HiFi) & Video Cassette Recorder(HiFi)	(12) Sets
(2)	35 mm Fuji Colour Negative Film(400')	(200)Rolls

၂။ တင်ဒါပေးသွင်းမှုကို ၃-၉-၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊၂၄၅၆၄၅။

ဝန်ထမ်းများအမြန် အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

[illegible] (Gold Roast, Ben, Calsome, Royal Myanmar Tea, Gold Roast Gold) [illegible] Myanmar Distribution Group Co., Ltd. မှ ([illegible]) မြို့များတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

1. ဒု-မန်နေဂျာ (Deputy Manager)
(Admin / Marketing/ Sales / Promotion / Logistic) ကျား (10) Posts
(Accountant) ကျား/မ (2) Posts
(က) Marketing အတွက်စီးပွားရေးဆိုင်ရာဘွဲ့ (သို့) အခြေခံဘွဲ့တစ်ခုနှင့် Marketing ဆိုင်ရာ Diploma လက်မှတ်/ သင်တန်းဆင်းလက်မှတ်ရရှိပြီး [illegible]
(ခ) Accountant အတွက် B.Com (C.P.A) (သို့) LCCI III (သို့) စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုနှင့် ကျန်ရာထူးများအတွက် ဘွဲ့တစ်ခုရရှိပြီးသူဖြစ်ရမည်။
(ဂ) အသက် (၄၀) နှစ်ထက် မကြီးရ၊ Computer ကျွမ်းကျင်သူ ဦးစားပေးမည်။
2. လက်ထောက်မန်နေဂျာ (Asst: Manager)
(Admin) ကျား/မ (5) Posts
(Accountant / Auditor) ကျား/မ (2) Posts
(က) Accountant / Auditor အတွက် စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုနှင့် ကျန်ရာထူးအတွက် ဘွဲ့တစ်ခု ရရှိပြီးသူဖြစ်ရမည်။
(ခ) အသက် (၃၀) နှစ်ထက်မကြီးရ၊ Computer ကျွမ်းကျင်သူဦးစားပေးမည်။
3. ကြီးကြပ်ရေးမှူး (Supervisor)
(Marketing / Sales / Store) ကျား (10) Posts
- ဘွဲ့တစ်ခုရရှိပြီး အသက် (၂၅) နှစ်မှ (၃၅) နှစ်အတွင်းဖြစ်ရမည်။
4. အရောင်းကျွမ်းကျင် (Sale Man / Girl) ကျား/မ (10) Posts
- ဘွဲ့တစ်ခုရရှိပြီး အသက် (၂၅) နှစ်မှ (၃၅) နှစ်အတွင်းဖြစ်ရမည်။
5. အရောင်းကျွမ်းကျင် (အကူ) (Asst: Sale Man / Girl) ကျား/မ (10) Posts
- အခြေခံပညာအထက်တန်းအောင်မြင်ပြီး အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်း ဖြစ်ရမည်။

အထက်ပါရာထူးအားလုံးအတွက်

(က) လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ် ရှိရမည်။
(ခ) [illegible]
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး [illegible]

လျှောက်ထားလိုသူများသည် လျှောက်လွှာနှင့်အတူ

လျှောက်ထားလိုသည့်ရာထူး မျှော်မှန်းလစာ နှင့် ဦးစားပေးလိုသည့်ဒေသများအားဖော်ပြ၍ [illegible] C.V နှင့်အတူ [illegible] Passport ဓာတ်ပုံ (၂)ပုံနှင့် [illegible] (၁၀) [illegible]

([illegible])

ဦးအောင်ဟိန်းကျော်

မှတ်သားဖွယ်ရာမိုးရေချိန်

၂၃-၈-၂၀၀၄
ဖျာပုံမြို့
၅ ဒသမ ၆၇ လက်မ
ပုသိမ်မြို့
၃ ဒသမ ၄၃ လက်မ
ပူတာအိုမြို့
၂ ဒသမ ၉၉ လက်မ
ကော့သောင်းမြို့
၂ ဒသမ ၉၅ လက်မ

ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်

ရိုလုံရွှေဆိုင်ကြီး(လက်လီလက်ကား)

ဆိုင်(၁)-အမှတ် (S-7)၊ [illegible] ရန်ကုန်။
☎-၂၀၀၇၃၇ (Ext.) ၂၀၀၈ [illegible]
ဆိုင်(၂)-အမှတ် (F-1)၊ [illegible] ရန်ကုန်။
☎-၂၀၀၇၃၇ (Ext.) ၂၀၀၁ ☎-(အိမ်)-၀၁-[illegible]

မော်လမြိုင်ကျွန်းမြို့ အေ/၉ လမ်းမူလတန်းကျောင်းတွင် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အဖြစ် မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးဝင်း၊ကျောင်းကျန်းမာရေးအဖွဲ့ ခေါင်းဆောင်သွားဘက်ဆိုင်ရာဆရာဝန်ဒေါက်တာအေးအေးမော်နှင့် အဖွဲ့ ဩဂုတ် ၁၂ ရက်က ကျောင်းသူ ကျောင်းသားများအား ကျောင်းကျန်းမာရေးပညာပေး ဟောပြောပြီးနောက် ကျန်းမာရေး စစ်ဆေးပေးကြစဉ်။ (၀၉၇)

ကျောက်ဖြူအထက မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး

ကျောက်ဖြူ ဩဂုတ် ၁၀

ကျောက်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက် ၁၁နာရီက အဆိုပါ ကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ရီ၊ မြို့နယ်ပညာရေးမှူး ဦးထွေးတို့က အမှာစကားပြောကြားကြပြီး မိဘဆရာအသင်း၏နှစ်ချုပ်အစီရင်ခံစာကို မိဘဆရာအသင်း အတွင်းရေးမှူး ဦးစိုးဟန်က လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းအား ဦးလှသန်း (အလပြဆရာ)က လည်းကောင်း ဖတ်ကြား တင်သွင်းကြသည်။

ထို့နောက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် မစုလဲ့ခိုင်၊ မအေးဆုပိုင်၊ ငါးဘာသာဂုဏ်ထူးရှင် မဇင်ဝေလွင်၊ လေးဘာသာဂုဏ်ထူးရှင် မခိုင်စန္ဒီထွန်း၊ မောင်အောင်မော်ဦးနှင့် ထူးချွန်စွာအောင်မြင်ကြသူများအား ဆုများ ချီးမြှင့်ပေးကြကြောင်း သိရသည်။ **(၂၉၈)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့်အဖွဲ့ ဇူလိုင်၂၆ရက်က ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ ရေပေးရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ကွင်းဆင်း စစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလှိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သရက်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက်က သရက်ခရိုင် ခန်းမ ရှေ့တွင်ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးအောင်သွင်က ငါးမြစ်ချင်းများကို မြစ်အတွင်း လွှတ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဩဂုတ် ၁၅ ရက်က ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်လှိုင် ဦးဆောင်သော ဝန်ထမ်းများက ကံမမြို့ ရေနံ့သာလမ်းမကြီး လမ်းဘေးဝဲယာတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ပန်းအလှပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲကျင်းပ

အင်းတော် ဩဂုတ် ၈

အင်းတော်မြို့အခြေခံပညာအထက်တန်းကျောင်းမိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကိုဇူလိုင်၂၉ ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ အား တာဝန်ရှိသူများကဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(၁၃၃)**

လွင်မိုး၊ ဒွေး၊ လူမင်းနှင့် နိုင်နိုင်းတို့ပါဝင်သော ဗီဒီယိုကားများဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

ယခုအပတ် ဩဂုတ်၂၃ရက်(တနင်္လာနေ့)မှစ၍ တစ်ပတ်အတွင်း ဖြန့်ချိပြသမည့် မြန်မာဗီဒီယိုဇာတ်ကား ၁၄ကားတွင် လွင်မိုး၊ လူမင်း၊ ဒွေး၊ နိုင်နိုင်း၊ ခန့်စည်သူနှင့် နေမျိုးအောင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်ကို တွေ့ရသည်။

စိန်ပန်းမင်း ဗီဒီယိုမှ ဒါရိုက်တာ ရဲဝန်ထမ်းဟောင်းတစ်ဦး ချောချစ်စံ ရိုက်ကူး၍ လွင်မိုး၊ နဝရတ်၊ ညီနန္ဒ၊ ရွှေရည်မိုးဦးတို့ပါဝင်သော **ခရမ်းပြာကို စောင့်ကြည့်ပါ။** တက်လမ်း ဗီဒီယိုမှ ဒါရိုက်တာ ဇော်ထွန်းရိုက်ကူးပြီး နိုင်ထက်ဦး၊ မေသကြိန်တို့ ပါဝင်သော **အညိုးအတေး။** စူပါနိုင်း ဗီဒီယိုမှ ဒွေး၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **ဂွမ်းပုံ။** စိန်ငွေဗီဒီယိုမှဒါရိုက်တာမောင်မျိုးမင်းရိုက်ကူးပြီး လူမင်း၊ နန္ဒာလှိုင်တို့ ပါဝင်သော **ရာဇဝင်ခရီးသည်။** ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေဆက် ရိုက်ကူးပြီး ညီညီမင်းထက်၊ အောင်ခိုင်၊ ဝါဝါအောင်တို့ပါဝင်သော **သက္ကဝတီလုလင်။** အောင်ဗီဒီယိုမှ

မောင်ဆွေထွန်း

ဒါရိုက်တာအောင်ဆွေဆက်ရိုက်ကူးပြီးရဲမင်းပိုင်၊အေးသန္တာတို့ပါဝင်သော **ထန်းတောတာတေ။** တက်လမ်းမှ ဒါရိုက်တာစင်ရော်နီရိုက်ကူးပြီး အောင်ပိုင်၊ ကျော်ဇောဟိန်း၊ ချောစုဟန်တို့ ပါဝင်သော **နဂါးနဲ့ကျား မလှည့်စားနဲ့။** ဧရာနဒီမှ ဒါရိုက်တာမြိုင်စစ်သူ ရိုက်ကူးပြီး ထက်ရှား၊ နော်ဇာလှိုင်တို့ ပါဝင်သော **ဘဝဗန်းထဲက ဗဒင်။** ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ မျိုးဇော်အောင် ရိုက်ကူးပြီး သူထူးစံ၊ ကျော်ဇောဟိန်း၊ အိုင်းရစ်လေပြေဦးတို့ ပါဝင်သော **ကျွန်တော်နှင့် ပန်းအိဖြူ။** မင်းသူအောင် ဗီဒီယိုမှ ဒါရိုက်တာ စိုးမင်းထွန်း ရိုက်ကူးပြီး ဝင်းမိုးကျော်၊ မျိုးသက်ထားဦး၊ တက္ကသိုလ်ဂွမ်းပုံတို့ ပါဝင်သော **နှလုံးသား လိုအပ်ချက်။** အာကာခြယ်ဗီဒီယိုမှ ဒါရိုက်တာ ပဲခူးသန်းအောင် ရိုက်ကူးပြီး ထက်ထက်၊ မြို့တော်ချစ်ဖွယ်တို့ ပါဝင်သော **ခပ်တိုင်းငန်တဲ့ ပဲခူးဆား။** စနိုးဝှိုက် ဗီဒီယိုမှ ဒါရိုက်တာ မောင်မောင်ဦး ရိုက်ကူးပြီး နိုင်နိုင်း၊ အိန္ဒြာကျော်ဇင်၊ မိုးဟေမာန်ခင်တို့ပါဝင်သော**မုန်းသင့်မှမုန်း။** မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ အာယုရိုက်ကူးပြီးခန့်စည်သူ၊မင်းခေတ်၊ ခိုင်နှင်းဝေတို့ ပါဝင်သော **လူတစ်လုံး။** ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာကိုမျိုးထူး ရိုက်ကူးပြီး နေမျိုးအောင်၊ နေရဲလင်း၊ အေးဝတ်ရည်သောင်းတို့ ပါဝင်သော **ငါးမြွေထိုး**ဇာတ်ကားများ ဖြန့်ချိပြသမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မုန်းသင့်မှမုန်း

ဒါရိုက်တာမောင်မောင်ဦးရိုက်ကူးသော မုန်းသင့်မှမုန်း ဇာတ်ကားမှ နိုင် နိုင်း ၏ သရုပ်ဆောင်ဟန်။

ငါးမြွေထိုး

ကြောင်ကမ္ဘာ ဗီဒီယိုမှ ဒါရိုက်တာ ကိုမျိုးထူး ရိုက်ကူးသော ငါးမြွေထိုးဇာတ်ကားမှ နေမျိုးအောင်နှင့် အေးဝတ်ရည်သောင်း။

ခရမ်းပြာအဖြေလွှာပေးပို့နိုင်

ရန်ကုန် ဩဂုတ် ၂၃

စိန်ပန်းမင်း ဗီဒီယိုမှ ဖြန့်ချိ၍ လွင်မိုး၊ နဝရတ်တို့ ပါဝင်သရုပ်ဆောင်ပါဝင်ထားသော ခရမ်းပြာကို စောင့်ကြည့်ပါ ဗီဒီယိုဇာတ်ကား မှုခင်းပဟေဠိ အဖြေများကို တစ်လအတွင်း စိန်ပန်းမင်းဗီဒီယို ၂၄၉၊ ၃၅လမ်း၊ ရန်ကုန်သို့ ပေးပို့နိုင်ကြသည်။ မှုခင်းပဟေဠိ စစ်ဆေးရေးအဖွဲ့ကဆုရရှိသောအဖြေလွှာများကို ထုတ်ပြန် ကြေညာမည်။ ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ငါးသောင်းနှင့် တတိယဆု ကျပ်သုံးသောင်း သတ်မှတ်ထားသည်ဟု သိရသည်။ (မြန်မာ့အလင်း)



ဒါရိုက်တာမောင်နန္ဒ၏ ဂွမ်းပုံဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်။

ခရမ်းပြာကို စောင့်ကြည့်ပါ ဇာတ်ကားမှ လွင်မိုး နှင့် နဝရတ်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တွင် တိုင်းရင်းသားကျောင်းသားများ တက်ရောက်နိုင်ရေးတွေ့ဆုံဆွေးနွေး

ဟိုပင် ဩဂုတ် ၁၀

ကချင်ပြည်နယ် ဟိုပင်မြို့အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ဇူလိုင်၂၉ရက် မွန်းလွဲ၂ နာရီက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး တင်ဝင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်–မန္တလေး)တို့တွင် ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ပညာသင်ကြားရန် တိုင်းရင်းသားကျောင်းသားများ တက်ရောက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ဟိုပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသိန်းအောင်နှင့်အသင်းဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်မိမိနှင့် ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သည့် ကျောင်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ်၇ရက်က ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပြည်သူ့ဆေးရုံရှေ့ လမ်းလယ်ကျွန်း မြက်ကပ်ခြင်း၊ နှင့် မြေခင်းအလှပြုပြင်ခြင်း ဆောင်ရွက်မှုကို ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးဦးတင်စိုးနှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ရပ်ကွက် ပြည်သူများ စုပေါင်း၍ ရန်ကုန်–ပြည်လမ်းမဘေးဝဲယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက်အမှိုက်နှင့်နုန်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဩဂုတ် ၇ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပွဲတော် ကန့်ဘလူမြို့နယ်တွင်ကျင်းပ

ကန့်ဘလူ ဩဂုတ် ၁

ကန့်ဘလူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မိုးရာသီသစ်ပင် စိုက်ပွဲတော် အခမ်းအနားကို ဇူလိုင် ၁၉ ရက်က ကန့်ဘလူမြို့နယ် မန္တလေး–မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး ဘေးဝဲယာတို့၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ကန့်ဘလူမြို့နယ်ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀၀ ကျော်က မန္တလေး–မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာ တစ်လျှောက်တွင် သစ်ပင်မျိုးစုံတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။ **(၀၅၆)**

ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ရေရှင်ချောက်ဆည်တမံကြည့်ရှု

ဂန့်ဂေါ ဩဂုတ် ၃

မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဂန့်ဂေါမြို့နယ် ပျားကျေးရွာရှိ သပြေပင် ရေရှင်ချောက်ဆည်တမံသို့ ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် တာဝန်ရှိသူများ ဇူလိုင် ၁၂ရက်က ကွင်းဆင်းကြည့်ရှု၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ရေပေးသွင်းနိုင်မည်

အဆိုပါဆည်တမံသည် တမံအလျား ပေ၁၄၀၊အမြင့်၃၂ပေ၊ရေနေအမြင့် ၂၅ပေ၊ ရေလှောင်ပမာဏ၁၇ဧကပေရှိပြီး လယ်မြေဧက ၁၀၀ခန့်ကို မိုးစပါးအောင်ရေပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၂၇၃)**

အင်္ဂပူမြို့နယ် လိပ်ပေါင်ဆွဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် အာဟာရကျွေးမွေးလှူဒါန်းပွဲကို ဇူလိုင်၁၅ရက်က ကျင်းပရာ အလှူရှင် ဦးအေးသန့်–ဒေါ်အမာစိန်၊ သမီးမမြနန္ဒီကျော်တို့က သား မောင်ကောင်းမြတ်သူ၏ မွေးနေ့အတွက် ကျောင်းသား ကျောင်းသူ ၄၀၀ကျော်တို့အား ကြက်သားဆန်ပြုတ်အာဟာရကျွေးမွေးလှူဒါန်းစဉ်။ (၁၃၁)



အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၂၅–၈–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (တာချီလိတ်မှ မြရွှေရည်ဟိုတယ်)
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)
၁၂း၂၅ သူ့အတွေ့နှင့် သူ့အရေး (မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သောမှတ်ချက်များ–နန္ဒာသိန်းဇံ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာခြင်းပညာ–ဒုတိယပိုင်း–ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (မိုးကျလက်ဖက်သုပ်)
၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ(ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်၏ ဆိုင်းလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ရဲရဲရှင်ဆိုင်ဖြတ်သန်း (ချစ်နိုင်–စိတ်ပညာ) (၂)ခင်ပပမြိုင်(မောင်သိန်းဆိုင်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ထင်ရှူးရိပ်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ထက်မြက်တန်ခိုးစည်းစိမ်တိုးငါးမျိုးသမ္ဗုဒ္ဓေစီးရီး)

ပေါင်းမြက်များရှင်းလင်း

ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းရေးနှင့် စိုက်ပြီးပန်းအလှပင်များတွင် ပေါင်းမြက်များရှင်းခြင်းတို့ကို ဩဂုတ် ၅ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲထပ်ဆင့်ရှင်းလင်း

သံဖြူဇရပ် ဩဂုတ် ၄

၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ (မြို့နယ်အဆင့်) ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက်က မွန်ပြည်နယ် သံဖြူဇရပ်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန် ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်အတွင်းရှိ အထက၊ အလက၊ အမကကျောင်း ကျောင်းအုပ်ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးခင်မောင်ဦးက ၂၀၀၄ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(မြို့နယ်အဆင့်)ထပ်ဆင့်ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၆၈)**

ဦးထင်ဇော်(ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်) ၏

ပဋ္ဌာန်းဥပဒေအတိုင်း ဆောင်ရွက်ပေးစေလိုမှု

ထွက်ပြီ

ဖြန့်ချိရေး- 'ဖိုးဝ'ဥပဒေစာပေ

အမှတ်(၁)၊ ပန်းဆိုးတန်းလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၇၂၁၈၂၄၊ ၆၆၃၀၄၉။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ် လှိုင်မြင့်မိုရ်အိမ်ရာရှိတိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက် ထားသည့် တိုက်နှင့် အခန်းအမှတ်
၁။	ဦးစိုး စီကျီ-၀၈၇၉၀၆	ဒေါ်ရီရီမိုး ၁၂/ရကန(နိုင်) ၀၀၅၄၂၇	တိုက်-၃၀ အခန်း -၂ လှိုင်မြင့်မိုရ်အိမ်ရာ
၂။	ဒေါ်သင်းကြွေ စီကျီ-၀၆၆၁၇၀		

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)။

အမည်ပြောင်း

အဖ ဦးစိန်ဝင်း၏ သားဖြစ်သူ တာမွေမြို့နယ်၊ အထက(၁)တာမွေ၊ သတ္တမတန်း(ခ)တွင် ပညာသင်ကြားနေသော မောင်ပြည့်စုံပိုင်အား မောင်ဝင်းမင်းဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝင်းမင်းဟန်။

ဦးရာလူရောင်းမည်

အသုံးပြုနိုင်သော Taylar Made 580xD (P-360˚K) လျှော့ဈေးဖြင့်ရောင်းမည်။

ဖုန်း-၅၃၈၅၁၇၊ ၀၉-၅၀၁၇၄၁၅

ပြည်တွင်းအခွန်များဦးစီးဌာန

[illegible]

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

စိုက်ကွင်း/ခြံမန်နေဂျာ ကျား (၄) ဦး
စိုက်ကွင်း/ခြံကြီးကြပ်ရေးမှူး ကျား (၄၀) ဦး

စိုက်ပျိုးရေးပညာဘွဲ့ရ(သို့) ဒီပလိုမာဘွဲ့ရ ဖြစ်ရမည်။ စိုက်ကွင်း/ခြံလုပ်ငန်း အတွေ့အကြုံ အနည်းဆုံးလုပ်သက် သုံးနှစ်ရှိရမည်။

အသက် (၃၀နှင့် ၅၀)နှစ်အတွင်းရှိရမည်။ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။

အဓိကသီးနှံစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် ဂျုံ၊ ပြောင်း၊ နှမ်း၊ ပဲမျိုးစုံ၊ ကြက်သွန် စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

တာဝန်ကျရာ မည်သည့်အရပ်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။

မှတ်ချက်။ ။ လျှောက်ထားသူသည် ပညာအရည်အချင်း မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ ရဲစခန်းထောက်ခံချက် ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း စာတိုက်သေတ္တာအမှတ် ၃၀၂ သို့ အမြန်ဆုံးပေးပို့ လျှောက်ထားနိုင်ပါသည်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

အနူးအညွတ် တောင်းပန်ပါသည်

၂၀၀၃ခုနှစ် ဒီဇင်ဘာလထုတ် ပါရမီမဂ္ဂဇင်း စာမျက်နှာ (၈၉)ပါ ကျော်လှိုင်၏ ဆောင်းပါး ဖြစ်သော 'ကမ္ဘာ့ဝါစာ၏တန်ခိုးအကျိုးအာနိသင်များ(၅)' ၌ ပါသောဖြစ်ရပ်သည် ထိုဆောင်းပါးပါ အမျိုးသမီးနှင့် လုံးဝ မပတ်သက်ပါ။ ဆောင်းပါးပါ အမျိုးသမီး၏ ဖြစ်ရပ်များကို မမှန်မကန် ဖော်ပြမိခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤအမှားအတွက် ဤနေရာမှနေ၍ အနူးအညွတ် တောင်းပန်ပါသည်။

ကျော်လှိုင်

၂/၉၆၊ အောင်မင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ကျောက်ရေတွင်း၊ မြောက်ဥက္ကလာပမြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်မေ

အသက်(၈၂)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနခွဲစာရေး ဒေါ်ခင်မာသီ၏မိခင် ဒေါ်ညွန့်မေသည် ၁၁-၈-၂၀၀၄ ရက်က ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများ
မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၆၁၈၄ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သည် ၁၅ ရက်အတွင်း ကညန၊ခရိုင်ရုံး(တောင်ငူ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ခဆွေ (ခ) Carl

Managing Director,Intergrated Marketing Ltd, Vice President, Focus Energy Ltd.

အသက်(၄၅)နှစ်

ဦးမောင်မောင်ခဆွေ Vice President Focus Energy Ltd. သည် ၁၆-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ၊ ထောက်ရှာပင်၊ ကမ်းနီရေနံမြေ။

လိပ်ခေါင်း၊ဂရင်ဂျီနာ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း -၂၄၈၀၆၄

[illegible]

မွေးနေ့ဆုတောင်း

မေမေ မသက်အိကေခိုင်၏ ၂၄-၈-၂၀၀၄ ရက်တွင် ကျရောက်သော (၂၆)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်တစ်ရာတိုင် ချစ်ခင်ပွန်း၊ ချစ်သားတို့နှင့်အတူ မိသားစုဘဝ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ပါစေ။ ဆန္ဒပြုဆုမွန်ကောင်း တောင်းလျက်။

ဖေဖေ – ဗိုလ်ကြီးဇော်အောင်
သားသား – သုခ။

SAYA-TONY
(SHELL)
IELTS
Sat, Sun
Spoken English Course
Grammar & Essay Writing Course
All Round Development (4 Skills)
Foreign Going English Course

Urgently Required
(Local Service Only)

An In'tl distribution company is urgently looking for highly motivated, and qualified individuals for the followings posts to distribute premier quality Lady Sanitary Napkin in Myanmar.

1.) Sales & Marketing Manager (1)Post
Any grad/3 years experience in Lady napkin distribution/ able to adopt sales and marketing strategies and ability to lead marketing team.

2.) Brand Executive (1)Post
Any grad/ strong experience in brand building and promoting

3.)Accountant (1)Post
B. Econ (CPA) or LCCI Level III, 3 years experience in consumer goods field

4.)Sales Supervisors (1)Post
Any grad/ 3 years experience in Lady napkin distribution/ Excellent leadership and Supervisory skills

5.)Store Keeper (1)Post
Any grad/2years experience in store&stock management

6.)Sales Promoters (10)Post
10 standard passed with pleasant personality, 1 year experience

Pls send C.V with one recent photo&Labour registration card to GPO Box (761)within one week. Attractive Salary and package will be offered to right candidates.

ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့

Super Big Go! 3 in 1 ခြင်ဆေးခွေ ၏ထူးခြားချက်



ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒုပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး၊တွဲဖက်တိုင်းတရားသူကြီး(၉)ရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ် ၇၄

ဦးတင်ဦး(ခ) **နှင့်** အဲရိုးပေပါဆားဗစ်စက်
ဦးကြည်ဟုန် ကုမ္ပဏီလီမိတက်
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၈၅၅/၂၀၀၃အမှုတွင်ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၄ခုနှစ်စက်တင်ဘာလ ၂၇ရက် နံနက် ၁၀နာရီအချိန်တွင် ရန်ကုန်တိုင်း တရားရုံး၊ ဘီလစ်ရုံးခန်းတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့က တရားဝင် လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော် လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင်ပေးရမည်။

၆။ လေလံရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ပစ္စည်းစာရင်း

ယာဉ်အမှတ် ၁ခ/၆၀၉၀(တိုယိုတာဒိုင်နာ ဒဗလျူ-၉၀)တစ်စီး
ကြမ်းခင်းဈေး-ကျပ်သိန်း ၁၀၀

မှတ်ချက်။ ။ (က) အထက်ဖော်ပြပါ ကားသည် တရားရှုံးကုမ္ပဏီပိုင် ဖြစ်သည်။
(ခ) ဖော်ပြပါကားသည် ရန်ကုန်တိုင်းတရားရုံး ဘီလစ် လက်ဝယ်တွင် ရှိသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ခဆွေ(ခ)Carl
Managing Director,
Integrated
Marketing Ltd.
အသက်(၄၅)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင် ရွာမရပ်ကွက်ရှိ 'ဧ'ဓမ္မာရုံ မျက်နှာကြက်ပြုပြင်ရန် အတွက် မတည် လှူဒါန်းခဲ့သော ဦးမောင်မောင်ခဆွေ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ဝမ်းနည်း ကြေကွဲရပါကြောင်းနှင့် ကျန်ရစ်သူ မိသားစုအား စာနာထောက်ထားရပါကြောင်း။**'ဧ'ဓမ္မာရုံအမှုဆောင်အဖွဲ့။**

ဘုရား၊ ရဟန်း၊
ကျောင်းဒါယကာကြီး
ဦးစိုးအေးနွယ်(ခ)လွန်းနိုင်အောင်
(အုပ်ချုပ်ရေးမှူး၊ နွယ်နီမဂ္ဂဇင်း)
အသက် (၄၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ ၃လမ်း၊ အမှတ် ၄၈၃ နေ စာရေးဆရာ ဦးနတ်နွယ်-ဒေါ်တင်တင်အေး (နွယ်နီမဂ္ဂဇင်း)၏ သားကြီး၊ ဦးကောင်းညွန့်နွယ်၊ (ဒေါက်တာ ကျော်သက်နိုင်-ဒေါ်မြင့်ကေသီနွယ်)၊ ဦးမင်းထွန်းနွယ်-ဒေါ်မြမြကြွယ်၊ ဦးငွေဇော်နွယ်-ဒေါ်တင်တင်မိုး၊ (ဦးပုန်ကန်နွယ်-ဒေါ်တင်တင်အောင်)၊ ဦးခင်ဇော်စိုး-ဒေါ်သူဇာနွယ်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၃း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (**Sealed Tender**) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Auto Telephone	110-Nos
2.	PVC Insulation Drop Cable	100-Coil
3.	Battery Charger 12V 10A	12-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉-၈-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၊၆၁၃။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့်
(အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး-ငြိမ်း)
အသက်(၈၄)နှစ်

အလက(၄)ရန်ကင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင်၏ဖခင် ဦးအောင်မြင့်သည် ၂၀-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ
အလက(၄) ရန်ကင်း။

တစ်လပြည့်အလွမ်း

ဦးအန်ကို (လယ်ဝေး)
မြို့နယ်သမဝါယမဦးစီးဌာနမှူး(ငြိမ်း)

မိသားစုအပေါ် မြင်းမိုရ်တောင်မက မေတ္တာကြီးမားလှသော ကျေးဇူးရှင်ဖေဖေ မိသားစုနှင့်ခွဲခွာသွားသည်မှာ ၂၄-၈-၂၀၀၄ရက်တွင် တစ်လပြည့်သော်လည်း ကြေကွဲခြင်းများစွာဖြင့် နေ့စဉ် တမ်းတလွမ်းဆွတ် သတိရလျက်ပါ။ ဖေဖေ့အတွက်ရည်စူးပြီး မိသားစုများ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုကို အေးချမ်းမြင့်မြတ်သောဘုံဘဝမှ ဖေဖေ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး ဒေါ်ရှုနှင့် ချစ်သားသမီး၊ မြေးများ၊
လယ်ဝေးမြို့။

မာလာတင်

အမျိုးသမီးကိုယ်ကာယအလှသင်တန်း
စာရင်းလက်ခံပြီ (၄-၁၀-၂၀၀၄) စမည်

စုံစမ်းချိန် – နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း

လူဦးရေကန့်သတ်သည်။

အမှတ် ၂၉၇၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၃၇၉၇၃၅

PRESTO

Zaw Win & Associates
Z&A Car Renter

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရီ (ကော့သောင်းမြို့)
အသက် (၇၃)နှစ်

ကော့သောင်းမြို့ ၊ အဏ္ဏဝါရပ်ကွက်၊ အမှတ် ၁၂၈၊ မင်္ဂလာလမ်းနေ ကိုထွန်းအေး-မတင်တင်ထွေးတို့၏မိခင် ဒေါ်သန်းရီသည် ၂၁-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

KZY ဖော့ပုံးဖော့ပြားစက်ရုံ မိသားစုနှင့် ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရီ (ကော့သောင်းမြို့)
အသက် (၇၃)နှစ်

ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ အမှတ် ၁၂၈၊ မင်္ဂလာလမ်းနေ ကိုထွန်းအေး-မတင်တင်ထွေးတို့၏မိခင် ဒေါ်သန်းရီသည် ၂၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Naung Group Co,Ltd.
M.D,ဒါရိုက်တာများနှင့် ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရီ (ကော့သောင်းမြို့)
အသက် (၇၃)နှစ်

ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ အမှတ် ၁၂၈၊ မင်္ဂလာလမ်းနေ ကိုထွန်းအေး-မတင်တင်ထွေးတို့၏မိခင် ဒေါ်သန်းရီသည် ၂၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုဇော်မြင့်ဝင်း၊ကိုစံလင်း၊ ကိုစိုးနိုင်၊
ကိုမျိုးကျော်၊ ကိုဇော်မင်းဦး၊ ကိုထွန်းထွန်း၊
ကိုမျိုးညွန့်ဦး၊ မခင်ဆွေဦး၊ ကိုစိုးအောင်။

အထူးကျေးဇူးတင်ရှိခြင်း

၁၉-၈-၂၀၀၄ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသော သီရိပျံချီ ဦးကြည်မောင်(အငြိမ်းစားဗိုလ်မှူးကြီး) ဘီစီ-၃၅၁၆ နာမကျန်းဖြစ်စဉ် ဆေးဝါးကုသပေးခဲ့သော ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိမ်းယဉ် (ဗန်းမော်)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာ၊ တိုက် ၁၈(ဘီ)နေ (ဦးတုတ်-ဒေါ်ဘူး)တို့၏သမီး၊ (ဦးစိန်ကဲ)၏ဇနီး၊ (ဦးသိန်းဟန်)-ဒေါ်ကြင်သန်း၊ (ဦးကြာညွန့်-ဒေါ်ခင်မြင့်မြင့်)၊ ဒေါ်ခင်ခင်သောင်း၊ (ဦးတင်ဝင်း)-ဒေါ်ခင်မြမြ၊ ဦးအုန်းကျော်-ဒေါ်သန်းသန်းနွယ်၊ ဦးလှမြင့်ဆွေ(ဌာနမှူး၊ မြို့တော်စည်ပင်)-ဒေါ်ဆွေဆွေရှိန်၊ ဦးဇော်မင်းသိမ်း(စာတည်းမှူးချုပ်၊ ကြေးမုံ)-ဒေါ်မူမူသန်းတို့၏မိခင်၊ မြေး ၂၇ ယောက်တို့၏အဘွားသည် ၂၂-၈-၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (ငါးသိုင်းချောင်း)
အသက်(၇၇)နှစ်

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ စမ်းကြီးကျေးရွာနေ ဦးဘိုးအင်-ဒေါ်ထွေးစင်တို့၏သမီး၊ မော်ဘီမြို့နေ ဦးမင်းဒင်-ဒေါ်ညွန့်ခင်တို့၏အစ်မ၊ ကျုံပျော်မြို့နေ ဦးငွေအောင်-ဒေါ်သန်းကြိုင်၊ ငါးသိုင်းချောင်းမြို့နေ ဦးတင့်နိုင်-ဒေါ်ငွေကြည်၊ ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးတိုးအောင်-ဒေါ်မေမေလွင်တို့၏မိခင်သည် အမှတ် ၃၁၁/အီး၊ အောင်သီရိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်၌ ၂၂-၈-၂၀၀၄ရက် မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောကျော်ခိုင်ထွန်း(ခ) Mc Roland(ခ) Po Sweet
အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဦးအောင်ကျော်လမ်း၊ အမှတ် ၆ နေ (သိက္ခာတော်ရ ဆရာစောထွန်းဂုဏ်ကြီး-ဂါ့မဂ္ဂီသန်း)တို့၏သား၊ ဦးစောမိုက်ကယ်မြ(ခ)ဦးစောမောင်မောင်မြ-နော်ကယ်ရှိမြတို့၏ သားသမက်၊ နော်အဲန်ဂျလင်းနာကြီး (UNICEF)၏မောင်၊ နော်လွယ်မူးဖော (Linfield College, USA)၊ နော်ဒေးမူးဖော(BARS Final Year) တို့၏ဖခင်၊ နော်မြမြ၏ခင်ပွန်းသည် ၂၃-၈-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်မေ အသက်(၆၁)နှစ်

ဦးကိုလေး (သီချင်းရေးတဲ့ ဒီနေ့ပုဏ္ဏက)၏ဇနီး ဒေါ်ညွန့်မေသည် ၂၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဦးကျော်တင့်နှင့်ဇနီးမိသားစု
ဌာနေကိုယ်စားလှယ်
ဆန်းဖားရှစ်ပင်းကုမ္ပဏီလီမိတက်။

သီတဂူသာသနာပြုအဖွဲ့
အမှုဆောင်လူကြီး
အကောက်ခွန်ရှင်းလင်းရေး
ကိုယ်စားလှယ်
ဦးစိန်သွင်(ခ)ဦးပါလေး
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကန်တော်လေး၊ ၉၃လမ်း၊ အမှတ် ၁၁၆ နေ(ဦးဘထွန်း-ဒေါ်နှင်းကြိုင်)တို့၏သား၊ မန္တလေးမြို့နေ ဦးမြင့်သောင်း-ဒေါ်ခင်အုန်းတို့၏သားသမက်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု ၃ လမ်း၊ အမှတ် ၉၀(စီ)နေ ဒေါ်ဝင်းမာ၏ခင်ပွန်း၊ မဖြိုးမာလာသွင်၊ မဖြိုးကေသီသွင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့်သီတဂူအဖွဲ့ဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန် အသိပေးနှိုးဆော်ပါသည်။

သီတဂူသာသနာပြုအဖွဲ့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီရှော့ခ်ဝါဂျူဒူလာ(ခ)
ဦးကာလပတ်
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်၂၂၉၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဝလီဘိုင်၊ ဟာနစ်ဘိုင်(မင်္ဂလာဒုံပေါက်)၊ ဟာဂျီအလီဘိုင်(ဂရိတ်ဝေါ စာအုပ်ဆိုင်၊ သိမ်ကြီးဈေး)၊ အာဇမ်ဘိုင်(ပြည့်စုံစာအုပ်ဆိုင်၊ သိမ်ကြီးဈေး)၊ မသန်းသန်းဆင့်၊ မစန်းစန်းမြင့်၊ မခင်ခင်ဆင့်၊ မခင်ခင်အေးတို့၏ ဖခင်သည် ၂၃-၈-၂၀၀၄ရက်တွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၄-၈-၂၀၀၄ရက် ဖဟိုရှိနမားဇ်အပြီးတွင် ဘန်ဂါလီစွန်နီ ဂျာမေဗလီ၌ ဂျနာဇာနမားဇ်ဖတ်အပြီး ရေဝေးကာဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်မေ
(ကန်တော်ကလေး)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၊ ဓမ္မာရုံလမ်း၊ ကန်တော်ကလေးနေ ဦးကျော်သိန်း-(ဒေါ်မြသင်)တို့၏သမီး၊ ဦးကိုလေး (တေးရေးပုဏ္ဏက)၏ဇနီး၊ ဒေါ်စန်းစန်းမြင့်၏ညီမ၊ ဦးမြင့်စည်-ဒေါ်အေးအေး၊ ဒေါ်စောစောမြင့်(အထက-၁၊ လသာ)၊ ဦးအုန်းသွင်(ဆသရ၊ ငြိမ်း)-ဒေါ်ကြင်ကြင်ရွှေ (အမက-၃၊ မင်္ဂလာတောင်ညွန့်)၊ ဦးမျိုးညွန့်(လေ၊ ငြိမ်း၊ Happy World၊ သီရိမင်္ဂလာဈေး)တို့၏အစ်မ၊ တူ တူမ သုံးယောက်တို့၏ကြီးကြီးသည် အမှတ် ၁၁၊ လမ်း ၉၀ နေအိမ်၌ ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၁၁၊ လမ်း ၉၀ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်ဦး
(ဒု-လ/ထ အကောက်ခွန်မှူး)
အသက်(၄၆)နှစ်

အင်းစိန်မြို့၊ရွာမအရှေ့၊အမှတ် ၅၊ ဒါနလမ်းနေ (ဦးခင်ဦး)-ဒေါ်တင်တင်မြင့်တို့၏သားကြီး၊ မြင်းမူမြို့နေ ဦးသန်းဝင်း-ဒေါ်တင့်တင့်ဦး၊ ကိုစိုးမြင့်ဦး-မစိုးစိုးသန်း၊ကိုမျိုးမြင့်ဦး-မမာလာထွန်းတို့၏အစ်ကိုကြီး၊ မောင်ရဲထွန်းဦး-မခင်စန္ဒာ၊မောင်ဇော်လင်းဦး-မတင်တင်လင်း၊ မောင်အောင်မျိုး-မယုမာအောင်မြင့်ဦး၊ မဆုမာအောင်မြင့်ဦး၊ မခေမာအောင်မြင့်ဦးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်တီတီမာ၏ ခင်ပွန်းသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)ညတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အင်းစိန်ဆေးရုံမှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ကွမ်းခြံကုန်းမြို့ ဘုရားဒါယကာ ဦးလွှမ်းပင်-ဒေါ်မိတို့၏သား ၁၅-၈-၂၀၀၄ရက်၌ ကွယ်လွန်ပါ၍ ၁၇-၈-၂၀၀၄ရက်တွင် ဂူသွင်းသဂြိုဟ်ပြီးစီးခဲ့သော ဆရာဦးဝန်(မင်းသုဝဏ်)၏ ဈာပနဖြစ်မြောက်အောင်မြင်ရေးနှင့် ရက်လည်ဆွမ်းသွတ်ခြင်းကိစ္စအဝဝအတွက် အဘက်ဘက်မှလိုလေးသေးမရှိ ဝိုင်းဝန်းကူညီခဲ့ကြသော သံဃာတော်များ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနယ်ပယ်မှ ကဗျာဆရာများ၊ စာရေးဆရာများ၊ အနုပညာရှင်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လေးစားချစ်ခင်ကြည်ညိုကြသူများ၊ တယ်လီဖုန်းကြေးနန်းစာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဝမ်းနည်းကြောင်းပြောကြားကြသူများ၊ အခါအားလျော်စွာ မေတ္တာဖြင့် ကြည့်ရှုစောင့်ရှောက်ပေးခဲ့ကြသည့် သမားတော်များကို လေးစားကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်မြင့် (ခ) Freddy Mg Mg
(စိန်ပေါလ်ကျောင်းသားဟောင်း) B.E (Electrical Power)
(လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်)
သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး(သီတဂူကျောင်းဒါယကာ)
(ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ် ၃၀ နေ (ဦးမောင်မောင်-ဒေါ်ဒေါ်ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ချစ်လှစွာသောခင်ပွန်း၊ မခင်စောယုအောင်-ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်-ကိုဝေလွင်၊ မအေးမို့မို့အောင် (တေးသံရှင်မို့မို့)တို့၏ဖခင်၊ မခင်ဇာဝေအောင်(Web Star University, Chiam-Thailand)၊ မစုနှင်းထွဋ်အောင်(Grade IX-D၊ အထက-၂၊လသာ)၊ မယုဝေအောင်(Grade VIII-A၊ အထက-၂၊လသာ)၊ မောင်အောင်ကိုကို(Grade IV-F၊ YEIC)၊ မောင်အောင်ဘိုဘို(Primary II-H, ILBC)တို့၏အဘိုး ဦးအောင်မြင့်သည် အာရှတော်ဝင်ဆေးခန်း၌ ၂၂-၈-၂၀၀၄ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဦးအောင်မြင့် လူပျံတော်ပတ္တမြားဆေးတိုက်၊ လမ်းမတော်မြို့နယ်မှ မွန်းလွဲ ၂း၃၀ နာရီတွင်လည်းကောင်း၊ ၃၃လမ်း လက်ဖက်ရည်ဆိုင် အပေါ်ဘလောက်မှ မွန်းလွဲ ၂း၄၅နာရီတွင်လည်းကောင်း၊ အထက်ပါနေအိမ်မှ ညနေ ၃ နာရီတွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်သူများအတွက် ကားစီစဉ်ထားပါသည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
နိကာယ်သာသနာတော်ထွန်းကားပြန့်ပွားရေးအသင်းကြီးနာယက
သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး(သီတဂူကျောင်းဒါယကာ)
ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ
ဦးအောင်မြင့်(ခ)Freddy Mg Mg
(စိန်ပေါလ်ကျောင်းသားဟောင်း)B.E(Electrical Power)
(လူပျံတော်ပတ္တမြားအဘယသုခဆေးတိုက်ပိုင်ရှင်)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ် ၃၀ နေ (လူပျံတော်ပတ္တမြား သဒ္ဓါဓိက ဦးမောင်မောင်-ဒေါ်ဒေါ်ငြိမ်း)တို့၏သား၊ (ဦးအောင်ပွင့်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ခင်ပွန်း၊ (ဗိုလ်ကြီးမောင်သောင်း)-ဒေါ်တင်တင်မြ၏ချစ်လှစွာသောမောင်၊ ဦးစိုးဝင်း-ဒေါ်မြင့်ကြည်၊ ဦးသိန်းငွေ-ဒေါ်ဆွေဆွေဦးတို့၏အစ်ကိုကြီး၊ တူ တူမ ရှစ်ယောက်တို့၏ဦးကြီးသည် ၂၂-၈-၂၀၀၄ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

ဦးအောင်မြင့်
B.Sc, Chem., B.Ed
အထက(၁)သာကေတ(ငြိမ်း)
(ငါးသိုင်းချောင်း)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ကံ့ကော်လမ်း၊ ၃ ရပ်ကွက်၊အမှတ် ၁၅၁ နေ (ဦးလှအေး) မော်ကွန်းဝင်တတိယဆင့်(မောင်လှတာယာနှင့်ကျွတ်ပြုပြင်ရေးဌာန)-ဒေါ်ရင်နု၏သားကြီး၊ ဦးမြင့်အောင်၊ ဦးစိုးမြင့်၊ ဒေါ်သိန်းသိန်းရီ၊ ဒေါ်အေးအေးသန်း၊ (တာယာကျွတ်ပြုပြင်ရေး-ပုဇွန်တောင်)၊ ဒေါ်မာမာအေး(ယွန်းဝတီအလှပြုပြင်ရေး ဧမိုင်)တို့၏အစ်ကိုကြီး၊ ဒလမြို့နယ် အံကြီးနေ ဒေါ်နွဲ့နွဲ့၏ခင်ပွန်း၊ နီလာအောင်(B.Sc, Math)၊ သူရအောင်၊ မျိုးသူရိန်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဝေဖြိုး၊ မိမိအောင်(Law၊တတိယနှစ်)၊ ခင်မောင်သွင်တို့၏ ဖခင်သည် ၂၃-၈-၂၀၀၄ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Salai Peng UK
(ဆလိုင်းပိုင်အုပ်) မတူပီ
B.A (Q), History/94
အသက်(၃၄)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဝလံတဲကျေးရွာနေ ဦးအောင်ဖေ-ဒေါ်ဖိုပြန်းအီးတို့၏သားကြီး၊ ဆလိုင်းအောင်ဆန်းထန် B.Sc(Bot;)(ကိုရီးယား)၊ မရွှေပါရီး၊ မတင်တင်မြ၊ မောင်ဆန်းဘိခ်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၊ အခန်း ၁၉၊ မြကန်သာအိမ်ရာ၊ ဆင်ရေတွင်းနေ ဦးဒိုင်ထုန်၊ ဒေါ်ရွှေမဲန်းတို့၏တူသည် ၂၃-၈-၂၀၀၄ရက် နံနက် ၁ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (ကမာရွတ်နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်သောင်းအေး
ကက-ငွေ(ငြိမ်း)
အသက်(၆၉)နှစ်

အမှတ် ၇၆၊ ပတ္တမြားလမ်း၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ (ဦးထွန်းရှိန်-ဒေါ်သန်း)တို့၏သမီး၊ မြန်အောင်မြို့နယ်၊ ရွှေကျင်ရွာနေ (ဦးဖိုးစော-ဒေါ်မယ်ကျင်)တို့၏ သမီးချွေးမ၊ (ဦးစိုးမြင့်)၏ညီမ၊ ဦးသန့်ဇင်-ဒေါ်ခင်ခင်သန်းတို့၏အစ်မကြီး၊ ဦးတင်မြင့်(ကက-ငွေ၊ ငြိမ်း)၏ဇနီး၊ မစမ်းစမ်းဝင်း(ဂျာမန်ဆေးဆွဲလမ်းညွှန်)၊ မသင်းသင်းနွယ် (Lin & Sons Co., Ltd.)၊ ကိုမျိုးသူ(ကက-ငွေ)၊ မအေးအေးချိုတို့၏မိခင်ကြီးသည် ၂၁-၈-၂၀၀၄ရက် (စနေနေ့) ည ၇ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

သီတဂူသာသနာပြုအဖွဲ့
အမှုဆောင်လူကြီး
သီတဂူကျောင်းဒါယကာကြီး
လူပျံတော်ပတ္တမြားဆေးတိုက်ပိုင်ရှင်
သီတဂူ ဦးအောင်မြင့်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ် ၃၀ နေ (ဦးမောင်မောင်-ဒေါ်ဒေါ်ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ခင်ပွန်း၊ မခင်စောယုအောင် - ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်-ကိုဝေလွင်၊ မအေးမို့မို့အောင်(တေးသံရှင်မို့မို့)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် အာရှတော်ဝင်အထူးကုဆေးခန်း၌ ၂၂-၈-၂၀၀၄ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် သီတဂူအဖွဲ့ဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန် အသိပေးနှိုးဆော်ပါသည်။

သီတဂူသာသနာပြုအဖွဲ့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်အေးသွယ် (နတ်မောက်)
အသက်(၈၇)နှစ်

မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ညောင်ကျပင်ကျေးရွာနေ(ဦးတလုတ်-ဒေါ်ညိမ်)တို့၏သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၄၇၊ အခန်း ၃ နေ (ဦးချစ်)၏ဇနီး၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် သီဂီဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံ သြဝါဒါစရိယ ဘဒ္ဒန္တနန္ဒောဘာသ၏အစ်မ၊ ဦးသိန်းအောင်-ဒေါ်မြစိန်၊ ဦးတင်ဦး(လာအိုနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး)-ဒေါ်သီတာငွေ၊ ဦးဝင်းမြင့်-ဒေါ်ညွန့်ညွန့်ဝေ(တိုင်းရင်းဆေး)တို့၏မိခင်၊ ဒေါက်တာစည်သူ-ဒေါက်တာအေးမြင့်သန်း၊ ကိုလှိုင်မိုး၊ ကိုသန့်ဇင်၊ မမြမြစိုး၊ ကိုအောင်ငွေးဦး(ခေတ္တ-ဖိလစ်ပိုင်)-မလင်း လင်းမွန်၊ ကိုဇေယျာဦး(ခေတ္တ-စင်ကာပူ)တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးခိုင် (ဒေးဒရဲမြို့)
B.A, D.E.P
မန်နေဂျာ(ငြိမ်း)၊စီးပွား/ကူးသန်းဝန်ကြီးဌာန
အသက်(၆၅)နှစ်

ဒေးဒရဲမြို့၊ လမ်းမတော်လမ်းနေ(သမားတော်ကြီး ဦးရွှေဘ-ဒေါ်ဒေါ်ရှင်)တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးလှအောင်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၂၀၈-၂၁၂၊ အခန်း ၃၀၁၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊လှည်းတန်းလမ်းမနေ ဦးအုန်းလွင်(မြဝတီ၊ငြိမ်း)၏ဇနီး၊ မောင်ကောင်းမြတ်လှိုင် [B.Sc (Phy) Dip in YTU.(E.C)]၏မိခင်၊ (ဦးတင်မောင်-ဒေါ်အေးရင်)၊ (ဒေါ်အေးတင်)၊ (ဦးချစ်ခိုင်-ဒေါ်သိန်းကြည်)၊ (ဒေါ်အေးကြင်)၊ (ဦးမြင့်ရွှေ-ဒေါ်အုန်းခင်)၊ (ဦးလှအောင်)၊ (ဦးလှဆောင်)၊ ဦးလှသောင်း-ဒေါ်လှသန်း၊ (ဦးသိန်းအောင်)-ဒေါ်စိန်စိန်တို့၏ညီမ၊ ဒေါ်ဝင့်ဝင့်မော်၏အစ်မသည် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဝင်းကြည်(ခ)ဦးစိန်
(ဗိသုကာလက်သမား)ကင်မရာ(အထူး)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု ၂ လမ်း၊ အမှတ် ၁၁၂ နေ (ဦးကြည်-ဒေါ်နီထွေး)တို့၏သား၊ ကိုငွေသိန်း(ခေတ္တ-စင်ကာပူ)-(မစန်းစန်းဝင်း)၊ ကိုစိန်ထွန်း (အောင်စမ်းမြတ်ဘလောက်တိုက်)-မခင်မေကြည်၊(ကိုခင်ထွန်း၊ အောင်ဖြိုးဝေဘလောက်တိုက်)-မငွေးငွေးမာ၊ မခင်ငွေး(အမက-၂၃၊ သာကေတ)တို့၏ဖခင်ကြီး၊ မလဲ့လဲ့ခိုင်၊ မနှင်းယဉ်လှိုင်၊ မနန္ဒာအောင်၊ မသန္တာလင်း၊ မစန္ဒာလင်း၊ မမေသန္တာထွန်း၊ မောင်သီဟထွန်း၊ မောင်မြတ်သူထွန်း၊ မသန္တာအောင်၊ မောင်သက်ထွန်းအေး၊ မနှင်းလွင်မိုးတို့၏အဘိုး၊ မောင်ကျော်စည်သူဝင်း၏အဘိုး၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၀၄ရက်ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
မုခ်ဦး၊တံတိုင်း၊တံခွန်တိုင်၊
ရေတွင်း၊ရေကန်ဒါယကာကြီး
ဦးရွှေ
အသက်(၆၈)နှစ်

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နေ (ဦးသန်း - ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နေ(ဦးကျော်စိန် - ဒေါ်ကြည်အောင်)တို့၏ သားသမက်၊ အမှတ် ၃၆၊ (၉)ရပ်ကွက်၊ မြစပယ်လမ်း၊ ပါရမီ၊ မရမ်းကုန်းမြို့နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးတင်စိုး(ခ)ဦးဒေါင်းနီ(လက်ထောက်ဦးဆောင်ချုပ်)-ဒေါ်ကျော့ရင်၊ ဒေါ်ခင်လှစီ၊ ဦးကျော်စိုး(ခ)ဦးဖိုးစိုး-ဒေါ်ချိုချိုအေးတို့၏အစ်ကို၊ ကိုခင်မောင်သွင်-မစန်းစန်းအေး(ခ)အန်းကော့၊ ကိုခင်မောင်စိုး-မစန်းစန်းမြင့်၊ ကိုခင်မောင်သန်း(ခ)မှုံကြီး၊ကိုခင်မောင်ဝင်း-မခင်မာသွင်၊ မခင်မာဝင်း၊ မခင်မာငွေး၊ ကိုခင်မောင်လတ် - မဝင်းဝင်းမေတို့၏ဖခင်၊ ကိုမြင့်ရွှေ၊ ကိုလှငွေး-မသန်းသန်းငွေး၊ ကိုလှအောင်-မသိန်းလှ၊ မကေသီအောင်တို့၏ဦးလေး၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီ ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍၂၈-၈-၂၀၀၄ ရက် (စနေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဖြည့်စွက်ဖတ်ရှုပါရန်

၂၃-၈-၂၀၀၄ရက် မြန်မာ့အလင်းသတင်းစာ စာ/၁၉ ပါ ဦးသန်းထွဋ်အောင် (၄၆)နှစ် နာရေးတွင် ဟိဏ်းမြတ်ရှိန်(စတုတ္ထနှစ်၊ တပ်မတော်နည်းပညာ တက္ကသိုလ်)၊ မသဉ္ဇာမြတ်ရှိန်(ပ-နှစ်၊ စီးပွားရေးတက္ကသိုလ်)ဟုဖြည့်စွက်ဖတ်ရှုပါရန်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မြရီ (သုံးဆယ်)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၃၄၂၊ ဇေယျာလမ်းနေ (ဦးအုန်းဘူး-ဒေါ်ရွှေမြစ်)တို့၏ သမီး၊ သုံးဆယ်မြို့၊ သရက်လေးပင်ရွာ (ကျောင်းအုပ်ဆရာကြီး ဦးဘကျော်)၏ ဇနီး၊ မကွေးမြို့နေ ဦးမြသိန်း-ဒေါ်တင်ရွှေ၊ သုံးဆယ်မြို့နေ (ဦးမြမောင်-ဒေါ်တင်ဥ)၊ ရန်ကုန်မြို့နေ (ဦးမြသွင်-ဒေါ်သိန်းဟန်)၊ ဦးအေးကို-ဒေါ်အေးသန်း၊ ဒေါ်ရင်နုတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၆ ယောက်၊ တီ တစ်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ထားရီ
အသက်(၆၅)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရွှေလှန်ရပ်နေ (ဦးစောလှိုင်-ဒေါ်တင်နု)တို့၏သမီး၊ ဦးသန်းမြင့် (တိုင်း အား/ကာ)၏ဇနီး၊ (ကိုအောင်ဆွေ)-မပြည့်၊ ကိုငွေးလွင်-မမာမာမြင့် (ပြည့်ဖြိုးစံထမင်းဆိုင်)၊ ကိုလတ်-မညိုညိုမြင့် (ဟိုတယ်/ခရီး)၊ ကိုဝင်းဆွေ-မချို၊ ကိုသိန်းဇော်ဝင်း-မအိဖြူ၊ ကိုမြတ်ဆွေ-မမြသက်ဦး၊ ကိုမောင်မောင်ဆွေ-မအိဆွေ(တော်ဝင်ထမင်းဆိုင်)၊ ကိုတင်အောင်စိုး-မအိထွေးတို့၏မိခင်၊မြေး ၁၄ ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၀၄ရက် နံနက် ၅း၂၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဇရပ်၊တန်ဆောင်း
ဒါယိကာမကြီး
ဒေါ်ဘိုမ(ခ)ဒေါ်မြမြစန်း
(ပျဉ်းမနား)
အသက်(၅၆)နှစ်

ပျဉ်းမနားမြို့နယ်၊ ဆင်သေကျေးရွာနေ (ဦးဘိုးအောင်-ဒေါ်အေးခင်)တို့၏ သမီး၊ ပျဉ်းမနားမြို့၊ ဝဲကြီးကျေးရွာနေ ဦးချိုကြီး-(ဒေါ်မြင့်)၊ ဦးအေးမောင်-ဒေါ်ခင်ဆင့်တို့၏ညီမ၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ် ၄(က)၊ အခန်း ဘီ(၃)နေ ဦးလှသန်း၏ဇနီး၊ မသီသီဝင်း(MUB ဘဏ်)၊ ကိုသက်ဝင်း-မသဲပွင့်ဦး၊ ကိုသန့်ဇင်လင်း-မအေးအေးဝင်းတို့၏မိခင်၊ မြေးတစ်ယောက်၏အဘွားသည် ၂၁-၈-၂၀၀၄ရက် (စနေနေ့)တွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ဦးသိုက်ထွန်း (ဆင်ပေါင်ဝဲ)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၊ ရွှေတောင်ကြား ၁ လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချော-ဒေါ်လေး)တို့၏သား၊ (ဦးစိန်-ဒေါ်လေးငယ်)တို့၏သားသမက်၊ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ဦးကြည်သိန်း-ဒေါ်မိမိသိန်း၊ ဒေါ်မူမူသန်း-ဦးမျိုးဝင်း၊ ဒေါ်မြင့်မြင့်လွင်(နီနီ) - ဦးအောင်ချစ်၊ ဒေါ်တင်နွဲ့ရီ(တာတာ) - ဦးသော်တာဘုန်း၊ ဒေါ်နုနုယဉ်(တူးတူး)-Dr.ငွေစိုး၊ ဒေါ်အေးအေးကျော်တို့၏ဖခင်၊မြေး ၁၆ ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၆း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းရီ
(ကော့သောင်းမြို့)
အသက်(၇၃)နှစ်

ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ အမှတ် ၁၂၈၊ မင်္ဂလာလမ်းနေ (ဦးဖစု)၏ဇနီး၊ ဒေါ်နှင်းရီ-ဦးလှိုင်ဝင်း၊ ဒေါ်အေးကြည်-(ဦးဟံသိန်း)၊ ဒေါ်ဖွားတင်-ဦးစိုးတင့်၊ ဒေါ်နှင်းရီအောင်-ဦးဖေမြင့်၊ ဦးထွန်းအေး(Naung Group Construction)-မတင်တင်ထွေး(Naung Group Construction)၊ ဒေါ်စုရီ-ဦးစိုးလွင်၊ ဒေါ်မို့မို့ရီ-ဦးငွေဝင်း၊ မမိုးကေသီ၊ မောင်ဇော်ထွေး(တုတ်တုတ်)၊ မယဉ်ယဉ်မြင့်-ကိုဇော်ဝင်းထွန်း၊ မစိမ့်စိမ့်ထွေးတို့၏မိခင်၊ မြေး ၂၈ ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ကော့သောင်းမြို့နေအိမ်၌ ၂၁-၈-၂၀၀၄ရက် (စနေနေ့) နံနက်၀၀း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်မေ
(ကန်တော်ကလေး)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ကန်/နောက်ရပ်ကွက်၊ အမှတ် ၁၁၊ အခန်း ၃/က နေ မောင်သိန်းအောင်-မငွေးငွေးရီ (ငွေးငွေးနှင့်ညီမများ ဆံပင်၊ မိတ်ကပ်အလှပြုပြင်ရေး)၊ မမေစီ၊ ကိုကျော်ယု၊ မဝါဝါနွယ်တို့၏မိခင်၊ မဝတီဒေဝီအောင်၊ မအဉ္ဇလီအောင်တို့၏အဘွား၊ ဦးကိုလေး (သီချင်းရေးတဲ့ ဒီနေ့ပုဏ္ဏက)၏ ဇနီးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းထွဋ်အောင်
(ဒုတိယမြို့နယ်တရားသူကြီး၊ အင်းစိန်မြို့)
အသက်(၄၆)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ဟသ်္သာလမ်းနေ(ဦးညွန့်ရှိန်)-ဒေါ်ဖြူဖြူမြတ်တို့၏ သားကြီး၊ ဦးသန်းလွင် - ဒေါ်မူမူရှိန်တို့၏မောင်၊ ဦးလှိုင်မြင့်-ဒေါ်နုနုယဉ်၊ ဦးအောင်ကျော်မင်း-ဒေါ်အေးအေးနွယ်၊ ဦးကျော်ဇင်ထွေးတို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက် ၅၊ အခန်း ၆ နေ ဒေါ်တယ်နီကိုကြီး၏ခင်ပွန်း၊ဟိဏ်းမြတ်ရှိန်(စတုတ္ထနှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)၊ မသဉ္ဇာမြတ်ရှိန် (ပနှစ်၊ စီးပွားရေးတက္ကသိုလ်)၊ မောင်တင့်မော်မြတ်ရှိန် (သတ္တမတန်း၊ အထက- ၃၊ မြောက်ဒဂုံ)တို့၏ဖခင်သည် ၂၂-၈-၂၀၀၄ရက် နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (MMCWA) နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် ICPD+10 အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသော လူငယ်လူရွယ် ကျန်းမာရေးပညာပေးပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များ လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့်အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (MMCWA) နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံ(၁၀)နှစ်ပြည့် ICPD+10 အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ***စာမျက်နှာ ၃ ကော်လံ ၁*** ✡

စက်သုံးဆီ ခြိုးခြံချွေတာရေး

- ကားတစ်စီး တစ်လစက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေတစ်ဒေါ်လာ သက်သာမည်။
- မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅.၅ သန်း သက်သာမည်။
- ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

စည်းရုံးရေးအခြေခံ(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၂၂)ဖွင့်ပွဲကျင်းပ
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သင်တန်းသားများအတွက် ဗလာစာအုပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စည်းရုံးရေးအခြေခံ(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။***စာမျက်နှာ ၉ ကော်လံ ၃***

ကမ္ဘာတစ်လွှား ထူး ထူး ခြား ခြား

ကင်းမြီးကောက်များနှင့်နေပြီး ကမ္ဘာ့စံချိန်ချိုးရန်ကြိုးစား

မလေးရှားသူ နူအာမာလီနာဟက်ဆန်သည် ကမ္ဘာ့စံချိန်သစ်ချိုးနိုင်ရန်အတွက် အဆိပ်ရှိသော ကင်းမြီးကောက်များနှင့် တစ်လကျော်အတူ အိပ်ပြီးကြိုးစားခဲ့သည်။ **(အောက်ပုံ)**တွင် နူအာမာလီနာ ဟက်ဆန်အား ဩဂုတ် ၁၇ ရက်က သူမ၏ ပါးပြင်ပေါ်၌ ကင်း မြီး ကောက် တစ် ကောင် ကို ကြောက်ရွံ့မှုကင်းစွာ တင်ပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

စက္ကူအရုပ်ခေါက်ချိုးပြိုင်ပွဲ

စက္ကူအရုပ် ခေါက်ချိုးသည့် အတတ်ပညာသည် ဂျပန်လူမျိုးတို့၏ ရှေးဟောင်းအနုပညာတစ်ရပ်ဖြစ်သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့၌ စက္ကူအရုပ် ခေါက်ချိုး ပြိုင်ပွဲကို သုံးရက်ကြာ ကျင်းပခဲ့ရာ ကမ္ဘာ့အကောင်းဆုံး စက္ကူအရုပ် ခေါက်ချိုးပညာရှင်များ လာရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ **(ယာပုံ)**မှာ တိုကျိုမြို့၌ ပြိုင်ပွဲကျင်းပစဉ် ဩဂုတ် ၂၀ ရက်က ပြသထားသော နဂါးပုံခေါက်ချိုးထားသည့်စက္ကူအရုပ်ကို လက်ရာမြောက်စွာ တွေ့ရပုံဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)

လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စည်းရုံးရေး အခြေခံ (ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂၂) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို) အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သင်တန်းသား သင်တန်းသူများအတွက် ဗလာစာအုပ်များ လှူဒါန်းရာ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းက လက်ခံယူစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးလေဝသအခြေအနေ

၂၃-၈-၂၀၀၄

မင်္ဂလာဒုံ	၁ ဒသမ ၂၂ လက်မ
ကမ္ဘာအေး	၀ ဒသမ ၃၉ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၅၉ လက်မ

ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးစာတမ်းဖတ်ပွဲ ကျင်းပ
ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN-COCI)နှင့် ဩစတြေးလျ နိုင်ငံ Aus- Heritage တို့ ပူးပေါင်းစီစဉ်မှုဖြင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင် နိုင်ငံသံရုံးများမှ ***စာမျက်နှာ ၃ ကော်လံ ၁*** ❒